**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည်နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၉၇)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ တနင်္ဂနွေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

## မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော်ကြီးနှင့် မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော်ကြီးတို့၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်၊ ရွှေကျီးမြင်ဘုရားအား သွားရောက်ဖူးမျှော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၊ သက်တော် ၉၇ နှစ်၊ ဝါတော် ၇၇ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးသည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိရာမှ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာခဲ့ပြီဖြစ်သဖြင့် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ကြီး၌ ပြန်လည်သီတင်းသုံးတော်မူလျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် **စာမျက်နှာ ၅ ကော်လံ ၁** ☆



မန္တလေးမြို့၊ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အာဟာရဖြည့်ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်)

# တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ အဆိုပါပြပွဲပြိုင်ပွဲ၌ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ပါဝင်ကြမည့် MSME လုပ်ငန်းရှင်များအနေဖြင့် ပြိုင်ပွဲအမျိုးအစားခြောက်မျိုးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးအစားများအနေဖြင့်အသေးစားထုတ်ကုန်များ၊ အငယ်စားထုတ်ကုန်များ၊ အလတ်စားထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်း၊ လက်မှုထည် စသည့်အသေးစားစက်မှုလက်မှုလုပ်ငန်းထုတ်ကုန်များ၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်နှင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုမှ ဒေသတစ်ခုထုတ်ကုန်တစ်ခု ထုတ်ကုန်များဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများမှာ အဓိကအခန်းကဏ္ဍတွင်ပါဝင်သည်။ MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှတစ်ဆင့် ဒေသအသီးသီးကလုပ်ငန်းရှင်များအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ဈေးကွက်ပိုမိုချိတ်ဆက်နိုင်မှုများရရှိလာမည်ဖြစ်သည်။ လာရောက်ကြည့်ရှုဝယ်ယူကြမည့်ပြည်သူများအနေဖြင့်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၏ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဒေသဆိုင်ရာဗဟုသုတများ၊ အဆင့်မြှင့်ထုတ်လုပ်လာသည့် ပြည်တွင်းတန်ဖိုးမြှင့်ထုတ်ကုန်များကို မြင်တွေ့လေ့လာဝယ်ယူနိုင်ကြမည်ဖြစ်သည်။

ဤကဲ့သို့ပြိုင်ပွဲများကျင်းပပေးခြင်းအားဖြင့် MSME လုပ်ငန်းများ၏ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်အမယ်သစ်များကို ပြည်တွင်း၌ ပိုမိုသုံးစွဲနိုင်ရန်၊ ပြည်ပသို့ဈေးကွက်ချဲ့ထွင်နိုင်စေရန်၊ ဒေသအလိုက် ဒေသတစ်ခုထုတ်ကုန်တစ်ခုအောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့်ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့်အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်စေရန်တို့ကို များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဖေဖော်ဝါရီလ ၅ ရက်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **"MSME လုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့်အတွက် ယခုကျင်းပမည့် ပြပွဲနှင့်ပြိုင်ပွဲကို ခမ်းခမ်းနားနားဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ကျင်းပခြင်းဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲမှတစ်ဆင့် MSME လုပ်ငန်းများသည် နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသတစ်ခုထုတ်ကုန်တစ်ခုထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲရုံသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွင်းဆောင်ရွက်လျက်ရှိသော MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌သာမက ပြည်ပသို့လည်းတင်ပို့နိုင်ရမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်များ၊ စာရွက်စာတမ်းဆိုင်ရာလိုအပ်ချက်များ၊ နည်းစနစ်ဆိုင်ရာလိုအပ်ချက်များကို လုပ်ငန်းရှင်များအနေဖြင့် သိရှိနားလည်မှသာ လုပ်ငန်းများပိုမိုအဆင်ပြေနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲများပြုလုပ်ခြင်းမှ တိုင်းဒေသကြီးနှင့်ပြည်နယ်ထုတ်ကုန်များအနေဖြင့် သွင်းကုန်အစားထိုးပြည်တွင်းဈေးကွက်အတွင်း ပြည်သူများသုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်အတွက် လိုအပ်သည့်နည်းစနစ်ပိုင်းနှင့်အချက်အလက်များ၊ အထောက်အထားပိုင်းများကို ဝန်ကြီးဌာနများနှင့် မည်သို့ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်မည်ကို လုပ်ငန်းရှင်များအားလုံးသိရှိနိုင်စေမည်ဖြစ်သည်။

ထို့ပြင် ယခုကဲ့သို့ပြပွဲပြိုင်ပွဲကျင်းပပေးခြင်းအားဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းကွာခြားချက်၊ ဈေးနှုန်းနှင့် အရည်အသွေး၊ ထုပ်ပိုးမှုပုံစံ၊ နည်းပညာ၊ ပြည်ပတင်ပို့နိုင်မှုအခြေအနေတို့ကိုနှိုင်းယှဉ်နိုင်ပြီး လိုအပ်ချက်များကိုပြုပြင်နိုင်ကြမည်ဖြစ်သည်။ မည်သည့်လုပ်ငန်းမဆိုယှဉ်ပြိုင်မှုရှိမှသာလျှင် တိုးတက်မှုရှိမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မိမိတို့ထုတ်ကုန်များအနေဖြင့် ထုတ်ကုန်အမျိုးအစားချင်းတူသော်လည်း အရည်အသွေး၊ အရသာ၊ ထုပ်ပိုးမှုပုံစံနှိုင်းယှဉ်နိုင်မည်ဖြစ်သည်။ ထိုအခါ မိမိတို့၏ အားသာချက် အားနည်းချက်များကို လွယ်ကူစွာသိရှိနိုင်ပြီး ပြုပြင်စရာရှိသည်များကိုပြုပြင်နိုင်မည်ဖြစ်သည်။ လုပ်ငန်းရှင်များအချင်းချင်း အတွေ့အကြုံများကိုမျှဝေနိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ပိုမိုပါဝင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး"ကို စီးပွားရေးဦးတည်ချက်တစ်ရပ်အဖြစ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ MSME လုပ်ငန်းများလုပ်ဆောင်နိုင်ရန် ငွေကြေးအရင်းအနှီး၊ မြေနေရာနှင့်လျှပ်စစ်ဓာတ်အားရရှိရေးနှင့်ပတ်သက်၍လည်း နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးသည်နိုင်ငံအတွက် အောင်မြင်အောင်လုပ်ဆောင်ပေးရမည့်ကိစ္စဖြစ်ပေရာ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ကုန်ထုတ်လုပ်ငန်းများပိုမိုတိုးတက်အောင် ကြိုးစားလုပ်ဆောင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၇ ရက်တွင် သာစည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲများ နှစ်စဉ်ကျင်းပရခြင်းအကြောင်းအရာများ၊ ပြည်ထောင်စုစိတ်ဓာတ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များအကြောင်းကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပြည်ထောင်စုနေ့အကြောင်း သိရှိလိုသည့်မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပြည်ထောင်စုနေ့နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များအား ကြည့်ရှုလေ့လာကြောင်း သိရသည်။

(၄၁၃)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဆင်း

စစ်ကိုင်း ဖေဖော်ဝါရီ ၈

စစ်ကိုင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီလ ၇ ရက် မွန်းလွဲ ၃ နာရီတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန စစ်ကိုင်းအိမ်ရာစခန်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးတိုးဝေက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ရရှိခဲ့သည့်ပညာရပ်များကို အများပြည်သူအကျိုးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိမိကျော်က သင်တန်းတွင် သင်ကြားပို့ချမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ထွေးဝင်းက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝမြေသြဇာပြုလုပ်သုံးစွဲရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးပြီး သင်တန်းတွင် ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၂၅ (တနင်္ဂနွေနေ့)

၁။ ဝ၆:ဝ၃ တရားတော်
၂။ ဝ၈:ဝဝ မျိုးချစ်တပ်မတော်
၃။ ဝ၉:ဝဝ အမှတ်တရနေ့ရက်များ
၄။ ၁ဝ:ဝဝ စာပေနှင့်အနုပညာသတင်း
၅။ ၁၁:ဝဝ ပြည်သူ့ကြားက ပြည်သူ့စကား
၆။ ၁၂:ဝဝ မြဝတီရုပ်မြင်သံကြားသတင်း
၇။ ၁၄:ဝဝ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၈။ ၁၅:ဝဝ ဇာတ်လမ်းတို
၉။ ၁၆:ဝဝ တစ်ပတ်အတွင်း အားကစားသတင်း
၁ဝ။ ၁၇:ဝဝ သုတရသစုံလင် ဗဟုသုတပုံပြင်
၁၁။ ၁၈:ဝဝ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၂။ ၁၈:၃ဝ စိုက်ပျိုးသုတ
၁၃။ ၁၉:ဝဝ ရုပ်မြင်သံကြားဇာတ်လမ်း **အခမဲ့ကူလီထမ်းခြင်း**
**သရုပ်ဆောင် ဟိန်းကိုကိုကျော်၊ သဉ္ဇာမြင့်မိုရ်**

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ဝ၁၃-၇၃၉၉၈၊ ဖက်စ် ဝ၁၃-၇၃၉၉၉/ဝ၃၂-၃ဝ၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ဝ၁၃-၇၄ဝဝ၆၊ ဝ၁၃-၇၄ဝဝ၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ဝ၁၁-၇၄ဝ၂၁၊ ဖြန့်ချိရေး ဝ၁၈-၄ဝဝ၆၉၇၊
ကြော်ငြာ ဝ၁၁-၇၄ဝ၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃ဝ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၂၅ဝ၅၅၆၆၃၈၊ ဝ၃၄-၇၃၆ဝ၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ဝဝ၃၇၈/ဝဝ၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂ဝ၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်


**နေပြည်တော် ဖေဖော်ဝါရီ ၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နှင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်အပါအဝင် မြို့နယ် (၁၅)မြို့နယ်တို့၌လည်းကောင်း စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများနှင့် တက္ကသိုလ်များ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းပေးစဉ်။



ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးစဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၂၈)ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုး ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပပြုလုပ်




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၂၈)ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုး ပြိုင်ပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အရန်စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ထမနဲထိုးပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုများကိုကြည့်ရှုအားပေးပြီး ဆုရရှိသောအသင်းများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။(၁၀၀)




# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၇ ရက်က အဆိုပါရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြဝင်းက ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတို့တွင် အခြေခံပညာမူလတန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက အတန်းများအလိုက် ပြည်ထောင်စုနေ့ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုနှင့်လက်ဆောင်ပစ္စည်းများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်ပိုစတာများနှင့် စာအုပ်စာစောင်များကို တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်ကျော်စိန်(ပြန်/ဆက်)**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"သူငယ်ချင်းသည် တခြားသူငယ်ချင်းတစ်ယောက်၏အိမ်သို့ဝင်၍ ခေါ်ပြီးနောက် သုံးယောက်သား ရုံတော်ကြီးသို့ သွားကြလေသည်။ တရုတ်ဆိုင်သို့ဝင်ကြ၍ ပထမသူငယ်ချင်းက ဝီစကီတစ်ချိုးနှင့် ဆော်ဒါအပြင် စားစရာများလည်းမှာပြီးနောက် စံဒေဝီ၏အမေကြီးလုပ်ပုံကို ၎င်းတို့နှစ်ယောက်ကစ၍ပြောကာ ကျွန်ုပ်အား ကြင်နာစကားပြောကြလေရာ ကျွန်ုပ်လည်း ပထမ၌ ဝီစကီကိုငြင်းမည်ပြုပြီးမှ စိတ်ထွက်လာသည်နှင့် အတူသောက်မိ၏. . ."

**ယမန်နေ့မှအဆက်**

### အမေကြီးညာတယ်

ကျွန်ုပ်သည် သူငယ်ချင်းများနှင့် ပြန်၍မဆုံတော့ဘဲ တစ်ယောက်တည်း ပြန်လာ၍ အပျိုကြီး၏အိမ်သို့သွားရာ အပျိုကြီးမှာ ၎င်း၏ညီမများနှင့် ပွဲကြည့်သွားကြသောကြောင့် မတွေ့ခဲ့ရချေ။ သတ္တိရှိသော လူပျိုကလေး တစ်ယောက်ဖြစ်ခဲ့လျှင် စကားလက်ခံပြီး၍ တစ်ရပ်လုံးသိနေကြသော ကိစ္စဖြစ်သောကြောင့် သူတို့၏အိမ်သို့ တိုက်ရိုက်တက်ပြီး မေးနိုင်ခွင့်ရှိ၏။ ကျွန်ုပ်လည်းမေးချင်လိုက်သည်မှာ အူယားလျက်ရှိ၏။ သို့သော် တစ်ယောက်တည်းမတက်ဝံ့။ အဖော်ခေါ်ရမည့်လူလည်းမမြင်။ သူငယ်ချင်းကိုဖေကိုသာ တမ်းတမိပါတော့သည်။ နောက်ဆုံး၌ ကျွန်ုပ်သည် ပွဲသို့ မပြန်တော့ဘဲ နေအိမ်သို့ပြန်လာ၍ ဘထွေး၏မိန်းမထံတွင် စံဒေဝီတို့ အကြောင်းကိုစုံစမ်းမေးမြန်းလေ၏။ အဒေါ်ကလည်း ဖခင်၏စကားကို လက်ခံလိုက်သည်ဆိုစေကာမူ ပြီးခဲ့သည့် လေးငါးရက်လောက်အတွင်း ကုန်သည်ပိုင်းမှ လူတစ်ယောက်က ငွေမည်ရွေ့မည်မျှ တင်သမည်ဆိုသောကြောင့် အမေကြီးက လက်ခံလိုက်သလိုလိုကြားရကြောင်း၊ ခရီးရောက်မဆိုက်ဖြစ်၍ ညနေက ကျွန်ုပ်အားမပြောဘဲထားခဲ့ကြောင်း စသည်ဖြင့် ပြောပြလေ၏။ ဤစကားအရ ထောက်လိုက်သော် သားအမိနှစ်ယောက်တို့၏မျက်နှာထားသည် အဓိပ္ပာယ်ပေါ်လွင်လျက်ရှိလေပြီ။ ကျွန်ုပ်မည်မျှလောက် မခံချင်လိုက်သည်ကိုဖော်ပြရန်လိုမည်မဟုတ်ပေ။ သို့သော် ကျွန်ုပ်အဖို့ရာ၌ ကိုယ့်သိက္ခာကိုယ်မလုံအောင်ဖြစ်နေခြင်းမှာ ဖခင်၏စကားကို သူ့မိခင်က လက်ခံလိုက်သည်ဆိုသော်လည်း စံဒေဝီကိုယ်တိုင်က ချစ်ကြိုက်ပါသည်ဟု ဦးတိုက်ဖြစ်စေ၊ တစ်ဆင့်စကားဖြစ်စေ ဖွင့်ဟဝန်ခံဖူးခြင်းမရှိသည့်အတွက်ကြောင့် ကျွန်ုပ်သည် စံဒေဝီကိုဆူနိုင်ခွင့်မရှိ။ အမေကြီးကိုသာဆူနိုင်မည်။ ကျွန်ုပ်ဆူချင်သူကား အမေကြီးမဟုတ်။ စံဒေဝီဖြစ်နေသဖြင့် ခွကျလျက်ရှိ၏။ ဝတ္တရားသိသော သမီးတစ်ယောက်သည် မိဘ၏သဘောအတိုင်း ပေးစားသောသူကိုယူချင်လျှင် ယူနိုင်ခွင့်ရှိ၏။ ချစ်ကြိုက်ပါသည်ဟု ဖွင့်ဟဝန်ခံသည့် စကားမျိုး ဦးတိုက်ရရှိမထားသည့် လူပျိုတစ်ယောက်က မိဘပေးစားတိုင်းယူရချေမည်လောဟု ဆူပူဖို့အခွင့်အရေးရှိသည်မဟုတ်ပေ။

### သူငယ်ချင်းများ၏အားပေးမှု

ထိုညဉ့်တွင် ကျွန်ုပ်မှာ ကျွမ်းသန္တာလန်အောင် ခံရခက်လျက်ရှိ၏။ ရှက်လည်းရှက်သည်။ အလွန်လည်းနှမြောသည်။ စံဒေဝီကိုဒေါပွချင်သော်လည်း (ဖော်ပြခဲ့သည့်အတိုင်း) ဒေါပွပိုင်သောအခွင့်အရေး ကျွန်ုပ်၌ မရှိချေ။ အမေကြီးအပေါ်၌ ဒေါပွနိုင်သော်လည်း ဘာမျှအကျိုးရှိမည်မဟုတ်။ သာ၍ အရှက်ကွဲကြဖို့သာဖြစ်လိမ့်မည်ဟု ကျွန်ုပ်တွက်မိ၏။ သို့သော် သကျပဟိဟဘုရားပွဲ၌ စံဒေဝီ၏မျက်နှာထားကိုသတိရ၍ 'ဘာများပြောချင်ပါလိမ့်' ဟု သိချင်သော ဆန္ဒဖြစ်လာ၏။ ဤနေရာတွင် ကျွန်ုပ်၏ညံ့ဖျင်းမှုဝင်လာ၏။ သတ္တိရှိသူဖြစ်ခဲ့လျှင် ဘယ်နည်းနှင့်မဆိုသိရအောင်လုပ်မည်ဖြစ်၏။ ကျွန်ုပ်ကမူ 'မောင်နဲ့ကျုပ်နဲ့လွဲကြပါစို့' ဟူသောစကားမျိုးပြောလိုခြင်းလည်းဖြစ်နိုင်သည်ဟု တွက်မိသည်နှင့် တွေ့ဆုံမေးမြန်းဖို့ပင်မကြိုးစားချင်တော့ဘဲ ဝက်လက်သို့သာပြန်ပြေးဖို့ စိတ်ကူးဖြစ်ပေါ်လျက်ရှိ၏။ နောက်တစ်နေ့နံနက် အိပ်ရာမှနိုး၍ ဝက်လက်သို့ပြန်ရန် စဉ်းစားလျက်ရှိစဉ် ကာလသားသူငယ်ချင်းများအနက်မှ ကျွန်ုပ်၏ကိုးတန်းဂုဏ်ကိုအထူးအထင်ကြီး၍ ကျွန်ုပ်အား ခင်မင်လေးစားသူတစ်ယောက်သည် ကျွန်ုပ်၏နေအိမ်သို့ရောက်လာ၍ ကျွန်ုပ်အား မျက်နှာတစ်မျိုးနှင့် ကြည့်ခြင်းကိုသတိပြုမိသည်။ ထိုသူသည် ကျွန်ုပ်အား ကြင်နာသောမျက်နှာထားဖြင့် ကြည့်နေပြီးနောက်...

"သတင်းတစ်ခုကြားရတယ်ဗျာ၊ ခင်ဗျားတော့ ကြားပြီးပြီလားမဆိုနိုင်ဘူး"

ကျွန်ုပ်သည် သူ၏မျက်နှာထားကိုမြင်ရခြင်းအားဖြင့် သူပြောချင်သော သတင်းကိုရိပ်မိသော်လည်း ဘာမျှမပြောဘဲဆိတ်ဆိတ်နေလိုက်လေသည်။

"မနေ့ညကတည်းက ဘုရားပွဲမှာ ခင်ဗျားကို လိုက်ရှာကြတာမတွေ့ဘူးဗျာ။ ကျုပ်တို့က ပြောချင်လွန်းလို့ အူကိုယားနေကြတာပဲ။ သူတို့ဒီလိုလုပ်တာဘာကောင်းသလဲဗျ"

"ကုလားများပြောကြသလို 'နဖူးစာ' ပလေဗျာ။ ကျုပ်တော့ ဒီကနေ့ဝက်လက်ပြန်တော့မယ်ဗျာ။ သူငယ်ချင်းတွေတောင် မတွေ့ချင်တော့ဘူး"

"ဩော် ... ခင်ဗျားလည်းကြားပြီးပြီလား"

"ညကပဲကြားပါတယ်"

"လာဗျာ။ အပြင်ခဏထွက်ရအောင်"

ကျွန်ုပ်သည် အဝတ်လဲလှယ်၍ လိုက်ပါသွားလေ၏။

သူငယ်ချင်းသည် တခြားသူငယ်ချင်းတစ်ယောက်၏အိမ်သို့ဝင်၍ ခေါ်ပြီးနောက် သုံးယောက်သား ရုံတော်ကြီးသို့ သွားကြလေသည်။ တရုတ်ဆိုင်သို့ဝင်ကြ၍ ပထမသူငယ်ချင်းက ဝီစကီတစ်ချိုးနှင့် ဆော်ဒါအပြင် စားစရာများလည်းမှာပြီးနောက် စံဒေဝီ၏အမေကြီးလုပ်ပုံကို ၎င်းတို့နှစ်ယောက်ကစ၍ပြောကာ ကျွန်ုပ်အား ကြင်နာစကားပြောကြလေရာ ကျွန်ုပ်လည်း ပထမ၌ ဝီစကီကိုငြင်းမည်ပြုပြီးမှ စိတ်ထွက်လာသည်နှင့် အတူသောက်မိ၏။

တစ်ယောက်။ ။"ဟိုငနဲက ငွေကလေးငါးထောင် တင်နိုင်တာနဲ့ ငါးစိမ်းမြင် ငါးကင်ပစ်သတဲ့ဗျာ။ လူချင်းတော့ခင်ဗျားနဲ့ကွာပါတယ်။ နံ့သာဆီနဲ့ အီးပါပဲဗျာ။ ခင်ဗျားကောင်က သုံးတန်းအောင်တဲ့ကောင်မဟုတ်ဘူး"

တစ်ယောက်။ ။ "ပညာတွင် မကပါဘူးဗျာ။ လူပုံချင်းကြည့်ပါဦး။ ဟိုကောင့်မျက်နှာက ရှောက်သီးနေပူလှန်းထားသလိုရှုံ့နေတဲ့ မျက်ခွက်ကြီးမျိုးပဲ။ ခင်ဗျားက လူချောကြီးမဟုတ်ပေမယ့် ကျုပ်တို့မျက်စိထဲမှာတော့ သိပ်ယောက်ျားပီသတယ်ဗျ။ ဟုတ်တာပေ့ါ။ ဘယ်လိုများ မျက်စိသကျည်းလွဲတဲ့ ငနဲမလဲမဆိုနိုင်ပါဘူးဗျာ"

ကျွန်ုပ်။ ။ "အမေကြီးခြယ်လှယ်တာဆိုထင်ပါဗျာ"

တစ်ယောက်။ ။"ဟင် ဟုတ်လား၊ ဒီလိုဆိုကျုပ်တို့ မခံနိုင်ဘူးဗျ၊ အိမ်ရှေ့မှာ ဆိုင်းဘုတ်ထူပြီးအရှက်ခွဲမယ်ဗျာ"

တစ်ယောက်။ ။"ကျုပ်ကတော့ ဒီလိုကြံတယ်၊ ကိုမောင်ကလေးကို သီချင်းစပ်ခိုင်းပြီး သူတို့အိမ်ရှေ့က လျှောက်ဆိုစေမယ်ဗျာ"

ဟုတ်၊ မဟုတ်အပထား၍ အထက်ပါစကားများသည် ကျွန်ုပ်အဖို့ နှစ်သိမ့်စေသည့်စကားများဖြစ်လေရာ ကျွန်ုပ်သည် ဝီစကီအနည်းငယ်ကလေးမျှသာ (သူတို့စိတ်ကျေနပ်အောင်)သောက်၍ တစ်နေ့လုံး သူတို့နှင့် မခွဲတော့ဘဲ လည်ပတ်သဖြင့် ဝက်လက်သို့မပြန်ဖြစ်တော့ချေ။

ထိုည၌ လသာသာကြီးတွင် ကျွန်ုပ်တို့ ကာလသားသူငယ်ချင်း ၁၀ ယောက်ခန့်တို့သည် စံဒေဝီ၏အိမ်ရှေ့လမ်းလျှောက်ကြရင်း ကိုမောင်ကလေးက ကိုယ်တိုင်ရေးစပ်သောသီချင်းတစ်ပုဒ်ကို သူကိုယ်တိုင်ဟစ်အော်ကာသီဆိုလေ၏။ ယင်းတေးချင်းမှ တစ်ပိုဒ်ကို ကျွန်ုပ်မှတ်မိသည်ကား...

"အမှန်ကိုလင်းရမှာဖြင့် x x x သတင်းမကြွားပေါင် x x x ဒင်္ဂါးကိုဖြင့်မက်တာ x x x ရှက်စရာ x x x ကလက်တာပေါ်ထင်" ဟူသည်ပင်ဖြစ်လေသည်။

တစ်ရပ်လုံး သည်တေးချင်းကိုကြားကြ၍ အမေကြီး၏ လော်မာမှုကို ရှုတ်ချပြီး ကျွန်ုပ်ကိုသနားကြခြင်းဖြစ်ရသေးသည်ဟု နောင်တွင် အဝေးမှ ကျွန်ုပ်ကြားရ၏။ ကျွန်ုပ်မူကား နောက်တစ်နေ့နံနက်တွင် ဝက်လက်သို့ပြန်ပြေး၍ ရွှေဘိုအရေးပိုင်ရုံးတွင် အလုပ်ဝင်လုပ်လိုက်လေပြီ။

### ကျွန်ုပ်၏ အကျင့်ဆိုးတစ်ခု

ကျွန်ုပ်၏ဇာတာမှာ တချို့သူများ၏ ချီးကျူးခြင်းခံရသလောက် တချို့လူများ၏ မနာလိုခြင်း၊ ပြစ်စူးခြင်းခံရသည်ချည်းဖြစ်၏။ ဤအခြင်းအရာမှာ ကျွန်ုပ်၏တစ်သက်တာတစ်လျှောက်လုံး၌ ကြုံရစမြဲဖြစ်၏။ ရွှေဘိုအရေးပိုင်ရုံး၌ တချို့စာရေးများသည် ကူညီစာရေးကလေးမျှသာဖြစ်သော ကျွန်ုပ်ထံသို့ တမင်လာ၍ မိတ်ဆွေဖွဲ့ကြ၏။ စာရေးလူများစုကမူ နာလိုဟန်မတူသောမျက်နှာမျိုးဖြင့် မျက်စောင်းထိုးတတ်ကြလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်နှင့် ပန်းချီအရောင်းပြပွဲကျင်းပမည်




ရန်ကုန် ဖေဖော်ဝါရီ ၈

စာအုပ်နှင့် ပန်းချီအနုပညာချစ်မြတ်နိုးသူများနှင့် စိတ်ဝင်စားကြသူများ တစ်နေရာတည်းတွင် စုံလင်စွာကြည့်ရှုလေ့လာဝယ်ယူနိုင်ကြမည့် ပထမအကြိမ် MMC စာအုပ်နှင့် ပန်းချီအရောင်းပြပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ခင်းကျင်းပြသရောင်းချမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် အထူးအစီအစဉ်များကိုလည်း ထည့်သွင်းထားကာ စာရေးဆရာများ၊ ပန်းချီဆရာများနှင့် ပရိသတ်များ တွေ့ဆုံမိတ်ဆက်မေးမြန်းသည့်အစီအစဉ်များ၊ Live ရေးဆွဲမည့် ရုပ်ပြောင်ပန်းချီ Caricature အစီအစဉ်များနှင့် တခြားစိတ်ဝင်စားစရာများကို ထည့်သွင်းထားကြောင်း၊ ထို့ပြင် ပြပွဲသို့လာရောက်ကြမည့် ပရိသတ်များ အလွယ်တကူစားသောက်နိုင်ရန်အတွက် စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

မြဝတီမီဒီယာစင်တာ Public Access Media Centre ၌ စာအုပ်များကို အထူးလျှော့ဈေးများဖြင့် ရောင်းချပေးမည်ဖြစ်ပြီး တခြားသောစာအုပ်များကိုလည်း ပြပွဲကာလအတွင်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးရန် စီစဉ်ထားသည်။

ယခုပွဲသည် မြဝတီမီဒီယာစင်တာဝင်းအတွင်း ပထမဆုံးပြုလုပ်သည့် အရောင်းပြပွဲဖြစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်သူတိုးပွားလာရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုကို

★ **ရှေ့ဖုံးမှအဆက်**

အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးထားသည့်အခြေအနေများကို မေးမြန်းရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း မပြတ်ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို အလေးထားမှာကြားသည်။



မန္တလေးမြို့၊ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၏ ကျန်းမာရေးအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မေးမြန်းလျှောက်ထားစဉ်။





မန္တလေးမြို့တောင်ဘက်၊ အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းစဉ်။



မန္တလေးမြို့တောင်ဘက်၊ အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဓမ္မလက်ဆောင်များပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မန္တလေးမြို့တောင်ဘက်၊ အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရောက်ရှိကြပြီး မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသ သက်တော် ၉၃ နှစ်၊ ဝါတော် ၇၃ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ဆရာတော်ကြီး၏ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီး၏ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို အလေးထားဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကြကာ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ ရွှေကျီးမြင်ဘုရားသို့ ရောက်ရှိကြပြီး ရှေးမြန်မာမင်းမြတ်တို့ ထီးနန်းစဉ်ဆက်ကိုးကွယ်တော်မူခဲ့သည့် မြန်မာပြည်အရပ်ရပ်မှ ဆုတောင်းပြည့်ဆင်းတုတော်များ ကိန်းဝပ်စံပယ်တော်မူရာ လိုဏ်ဂူတော်အတွင်းရှိ ရွှေကျီးမြင်ရုပ်ပွားတော်အပါအဝင် အညာသီဟတောဘုရား၊ ရွှေကွန်အုပ်ဘုရား၊ မြသိန်းတန်မြတ်စွာဘုရား၊ ရွှေလင်းပင်ဘုရားနှင့် အခြားမြတ်စွာဘုရား၏ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘုရားကြီးအတွက် စုပေါင်းဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုဏ်ဂူတော်အတွင်းထုဆစ်ပုံဖော်ထားရှိသည့် မြန်မာ့ရိုးရာအနုသုခုမ အမွေအနှစ်များအား စနစ်တကျထိန်းသိမ်းသွားရန်၊ ဘုရားဖူးလာ မိဘပြည်သူများ စည်းကမ်းရှိစွာဖြင့် ကြည့်ရှုနိုင်ရေးဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**စာမျက်နှာ ၆ သို့** ★





ရွှေကျီးမြင်ရုပ်ပွားတော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဘုရားကြီးအတွက် စုပေါင်းဘက်စုံအလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လိုဏ်ဂူတော်အတွင်း ထုဆစ်ပုံဖော်ထားရှိသည့် မြန်မာ့ရိုးရာအနုသုခုမအမွေအနှစ်များကို ကြည့်ရှုစဉ်။

★ **စာမျက်နှာ ၅ မှအဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေကျီးမြင်ဘုရား ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး ရွှေကျီးမြင်ဘုရားအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေကျီးမြင်ဘုရား ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် သာသနိကအမွေအနှစ်များကို လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည် ငါးသိန်းသုံးသောင်းကျော် လာရောက်ဖူးမြော်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် ငါးသိန်းသုံးသောင်းကျော် လာရောက်ဖူးမြော်ကြကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါကာလအတွင်း ဘုရားဖူးဝင်ရောက်မှုအနေဖြင့် ပြည်တွင်းဘုရားဖူး ၅၂၃၇၆၅ ဦး၊ ပြည်ပဘုရားဖူး ၈၈၂၁ ဦး စုစုပေါင်း ၅၃၂၅၈၆ ဦးလာရောက်ဖူးမြော်ခဲ့သည်။

ယင်းကာလတွင် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဝင်ရောက်မှုသည် ရုံးဖွင့်ရက်များ၌ တစ်ရက်လျှင်အနည်းဆုံးလူဦးရေ တစ်သောင်းဝန်းကျင်မှနှစ်သောင်းဝန်းကျင်အထိရှိပြီး အများပြည်သူရုံးပိတ်ရက်များဖြစ်သည့် ဇန်နဝါရီလ ၁ ရက်က ၄၂၆၁၄ ဦး၊ ဇန်နဝါရီလ ၄ ရက်က ၃၂၆၇၅ ဦး၊ ဇန်နဝါရီလ ၁၉ ရက်က ၂၈၄၀၇ ဦး၊ ဇန်နဝါရီလ ၂၆ ရက်က ၂၇၃၂၇ ဦး၊ ဇန်နဝါရီလ ၂၉ ရက်က ၂၄၈၀၁ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှ ဘုရားဖူးများအဆင်ပြေစေရန်နှင့် စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရန်ရည်ရွယ်ပြီး ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှစတင်၍ ဘုရားဖူးမြော်ချိန်ကို နံနက် ၄ နာရီမှ ည ၁၀ နာရီအတွင်း တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**ဝန်းရံခ**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၇ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေဇင်ကိုကိုက ဟောပြောပွဲများနှင့်ပြိုင်ပွဲများကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးခင်ဇော် (ခင်ဇော်-ကော့မှူး)က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်းက သမိုင်းပေးတာဝန်အဖြစ်ခံယူပြီး စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၀ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသောအသိပညာပေးနံရံကပ်စာစောင်များနှင့်သုတ/ရသစာအုပ်စာစောင်များကို တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ



အောင်လံ ဖေဖော်ဝါရီ ၈

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ် ရွာထောင်ရပ်ကွက်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားပြီး ဝန်ကြီးချုပ်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် တိုင်းရင်းသားအဖွဲ့တို့ကို ဆုများအသီးသီးပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက သင်တန်းကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ထို့နောက် ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုကြပြီး စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် မှတ်တမ်းများကို တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး သင်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ်၌ ဆောင်းနေကြာသီးနှံစိုက်ခင်းများစတင်ရိတ်သိမ်း

မင်းဘူး ဖေဖော်ဝါရီ ၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံစေရေးနှင့် ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးခဲ့သော ဆောင်းနေကြာသီးနှံစိုက်ခင်းများ စတင်ရိတ်သိမ်းနေပြီဖြစ်ရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းအားဖြင့် နေကြာတင်း ၂၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ဆောင်းနေကြာသီးနှံကို မြို့နယ်အတွင်းရှိ ဒေသခံတောင်သူအချင်းချင်း မျိုးသန့်ပွားသုံးစွဲနိုင်စေရန်ရည်ရွယ်၍ တစ်ကွင်းတစ်စပ်တည်း အကွက်ကျယ်စံပြကွက်များ ရိတ်သိမ်းခြင်းကို ဖေဖော်ဝါရီလ ၇ ရက်နံနက်ပိုင်းတွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆောင်းနေကြာသီးနှံတစ်ကွင်းတစ်စပ်တည်း အကွက်ကျယ်စံပြကွက်များဖြစ်သော မန်းကျိုးကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၁၅/က)ရှိ ဧက ၁၀၀ စိုက်ခင်းတွင် ဦးပိုင်အမှတ်(၂၁၃)ရှိ တောင်သူ ဦးထွန်းလှအောင်၊ ဦးပိုင်အမှတ် (၂၁၄)ရှိ တောင်သူ ဒေါ်ရင်မြတို့၏နေကြာသီးသန့်စိုက်ခင်း၊ ဦးပိုင်အမှတ် (၁၃၂/၂)ရှိ တောင်သူဒေါ်ဝင်း၏နေကြာနှင့်ကုလားပဲသီးညှပ် စိုက်ခင်းနှင့်ကျောက်တန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၀၄)ရှိ တောင်သူ ဦးအောင်ဆန်းဝင်း၏ နေကြာစိုက်ခင်းများရှိ သတ်မှတ်ဧရိယာများ၌ ဆင်းရွှေကြာ-၂ နှင့် ရေဆင်းစပ်မျိုး-၁ ဆောင်းနေကြာစံကွက်များ ရိတ်သိမ်းခြင်းကို ဆောင်ရွက်သည်။



မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံကို မျိုး၊ မြေ၊ ရေ၊ စိုက်နည်းတို့ကိုအခြေခံ၍ နေကြာမျိုးစေ့ထုတ်စိုက်ခင်းများအပါအဝင် သီးသန့်၊ သီးထပ်၊ သီးညှပ်နှင့်တစ်ကွင်းတစ်စပ်တည်း အကွက်ကျယ်စိုက်ခင်းများအဖြစ် ဧကပေါင်း ၂၉၇၈၈ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအခါ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ဆောင်းနေကြာသီးနှံစိုက်ခင်းများကို စတင်ရိတ်သိမ်းဆောင်ရွက်နေပြီး အထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများကိုလေ့လာကြည့်ပါက မြေပဲတစ်ဧကလျှင် တင်း ၇၀၊ နှမ်းတစ်ဧကလျှင် တင်း ၂၀ နှင့်နေကြာတစ်ဧကလျှင် တင်း ၅၀ ထွက်ရှိရန်ဖြစ်ကြောင်း၊ မြေပဲတွင် မိုးမြေပဲနှင့်ဆောင်းမြေပဲစိုက်ပျိုးသကဲ့သို့ နှမ်းကို မိုးနှမ်း၊ ဆောင်းနှမ်း၊ နွေနှမ်းစိုက်ပျိုးကြကြောင်း၊ ထို့အတူ နေကြာတွင် မိုးနေကြာနှင့်ဆောင်းနေကြာကို စိုက်ပျိုးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံအုပ်စုဝင် ဆီမုန်ညင်းနှင့်ပန်းနှမ်းတို့ကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ရှိပြီးသားစိုက်ပျိုးရေးထွက်ကုန်များကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

# သခင်လွမ်းစေချင်သေးသည်

* **စိမ်း၍တိမ်းသည်၊** မသွေဖည်နှင့်
ရေကြည် မြစမ်း၊ ဘယ်သို့လှမ်းလည်း
ပင်ပန်းအတူ၊ နွမ်း အတူပင်
မျှယူ ကူဖေး၊ ငယ်မူသွေးနှင့်
ထွေးထွေး ပွေ့ပွေ့၊ မေတ္တာငွေ့နှင့်
ဓလေ့ ယခင်၊ ပျိုနုစဉ်ကို
**သခင် တမ်းစေ ချင်သေးသည်။**

* **ပြုံး၍ မုန်းသည်၊** ထုံးမဖြည်နှင့်
မှုန်ရည် ညချမ်း၊ လ အနမ်းဝယ်
မြပန်း ငုံဦး၊ အလှထူးစဉ်
ဖူးဖူး ပွင့်ပွင့်၊ ခူးသင့်သည့်လား
လှုပ်ရှားတုန်ယင်၊ ခုန်သောရင်နှင့်
ချစ်ကြင်သူ့လက်၊ ကမ်းအဆက်ဝယ်
ရှက်နိုး ပန်ဆင်၊ ငယ်ရုပ်သွင်ကို
**သခင် မုန်းစေ ချင်သေးသည်။**

* **ချစ်၍ နစ်သည်၊** ပြစ်မရည်နှင့်
တောင်ဆီက မိုး၊ ဘယ်သို့ငြိုးစေ
ချစ်ကြိုးမဲ့လှိုင်း၊ ဘယ်သို့ရိုင်းစေ
မုန်တိုင်းလေပြင်း၊ ဘယ်သို့ညှဉ်းစေ
အားတင်း လောကဓံ၊ ကြံ့ကြံ့ခံလျက်
**တုံ့ပြန် ဖေးမ၊** ရင်ဆိုင်ကြ၍
ဘဝ လှေငယ်၊ ရေပြင်ကျယ်တွင်
မကွယ် မပျောက်၊ ကမ်းသို့ရောက်သော်
ဝမ်းမြောက် သီကြွေး၊ သံပြိုင်တေးနှင့်
ငြိမ်းအေးတူမျှ၊ တို့ဘဝ၏
ချမ်းမြ ပြေစင်၊ သံယောဇဉ်ကို
**သခင် လွမ်းစေ ချင်သေးသည်။** ။

**မြင်းမူမောင်နိုင်မိုး**

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၉-၂-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ | ၃။ ၁၃:၃၀ | Music Crazy |
| ၂။ ၁၀:၄၀ | နိပါတ်တော်လာ သိမှတ်စရာ | ၄။ ၁၄:၅၅ | Sporty Zone |
| | | ၅။ ၁၈:၂၀ | Relaxing Moment |
| | | ၆။ ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

# သစ်တောထိန်းသိမ်းရေး ရေသယံဇာတထိန်းသိမ်းရေးနှင့်မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ဟိုပုံး ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့်မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၇ ရက် နံနက်ပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက သစ်တောထိန်းသိမ်းရေး၊ သစ်တော၊ သစ်ပင်စိုက်ပျိုးပြုစုသည့်နည်းစနစ်များ၊ သစ်တောသစ်ပင်များမှ ပေးစွမ်းနိုင်သည့်အကျိုးကျေးဇူးများ၊ စားရေရိက္ခာဖူလုံဖို့ သစ်တောများကို ထိန်းသိမ်းစို့ဆောင်းပါးပါအကြောင်းအရာများကိုလည်းကောင်း၊ တောအုပ်ကြီး ဦးဝင်းသူရက မီးခိုးမြူငွေ့အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်လျှော့နည်းစေရေး အစီအစဉ်များကိုလည်းကောင်း၊ တောအုပ်ကြီး ဦးရဲဝင်းက ရေသယံဇာတထိန်းသိမ်းရေးအတွက် ရေနှင့်နွေ၊ နွေနှင့်ရေဆောင်းပါးပါအကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေမှ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဟောပြောပွဲသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်းသိရသည်။

(၄၀၅)

# အဖုအကျိတ်ဆိုတိုင်း စိုးရိမ်စရာမလိုပါ

**"အဖုအကျိတ်တွေက အန္တရာယ်မရှိလို့ ဒီအတိုင်းထားလို့ရတယ်။ ဒီအဖုတွေက နီပြီး ရောင်ရမ်းလာရင်တော့ ရေနွေးဝတ်ကပ်ပေးသင့်ပါတယ်။ ရောင်နေတဲ့အဖုကို အရောင်ကျစေဖို့ စတီးရွိုက် (Steroid) ဆေးထိုးတာ၊ ပြည်တည်ပါက ခွဲထုတ်တာအပြင် အန္တရာယ်ဖြစ်နိုင်တဲ့နေရာတွေမှာအဖုဖြစ်ရင်၊ အဲဒီအဖုမှာ ရောဂါပိုးဝင်နေမယ်ဆိုရင် ခွဲစိတ်ထုတ်ပစ်သင့်ပါတယ် . . ."**

ခန္ဓာကိုယ်မှာ အလုံး ဒါမှမဟုတ် အဖုအကျိတ်တစ်ခုခုဖြစ်ပေါ်နေတယ်ဆိုရင် ကင်ဆာများဖြစ်နေပြီလားဆိုပြီး စိုးရိမ်ပူပန်မှုတွေ ဖြစ်တတ်ပါတယ်။ အဖုအကျိတ်တိုင်း ကင်ဆာမဟုတ်ပါဘူး။ ဒါကြောင့် ခန္ဓာကိုယ်မှာ အဖုအကျိတ်တွေထွက်ပေါ်လာတဲ့အခါ ကင်ဆာကျိတ် ဟုတ်၊ မဟုတ် ခွဲခြားသိရှိနိုင်ဖို့ ကြိုတင်လေ့လာထားသင့်ပါတယ်။

ရင်သားပေါ်မှာ အဖုအကျိတ်ပေါ်ရင် ရင်သားကင်ဆာလို့ယူဆကြတယ်။ အဖြစ်များတာက ဖိုင်ဘရိုအဒီနိုမာ (Fibroadenoma) အကျိတ် ဒါမှမဟုတ် အန္တရာယ်မရှိတဲ့အရည်အိတ် (Cyst)ဖြစ်နိုင်ပါတယ်။ အဲဒီအကျိတ်က ဂလန်ဂျူလာ(Glandulas) တစ်သျှူးတွေကနေဖြစ်ပေါ်လာတဲ့ အန္တရာယ်ကင်းအကျိတ်ဖြစ်ပါတယ်။ ကိုင်ကြည့်ရင် တင်းတင်းမာမာလေးဖြစ်ပြီး ဘေးဘက်၊ အထက်အောက် ရွှေ့ကြည့်လို့ရပါတယ်။ အသက် ၂၀-၃၀ ဝန်းကျင်မှာ အဖြစ်များပါတယ်။ ကိုင်ကြည့်လို့ ဂျယ်လီလိုပျော့ပြီး နာကျင်ရင်တော့ အရည်အိတ်(Cyst) ဖြစ်နိုင်ပါတယ်။ အသက် ၃၀-၄၀ ကျော်အရွယ်မှာအဖြစ်များပါတယ်။

Fibroadenoma အကျိတ်က ကိုယ့်ကို ဘာဒုက္ခမှ မပေးရင် ဒီအတိုင်းထားလို့ရပါတယ်။ ဒါမှမဟုတ် နာကျင်လာရင် ဆရာဝန်က အသေးစားခွဲစိတ်မှု ပြုလုပ်ပြီး ဖယ်ထုတ်ပေးနိုင်ပါတယ်။ အသက် ၃၅ နှစ်အောက်ဆိုရင် အာထရာဆောင်းနဲ့ အရည်အိတ် (Cyst) ဟုတ်၊ မဟုတ် စစ်ကြည့်လို့ရပါတယ်။ အရည်အိတ် (Cyst) ဖြစ်ပြီး နေရထိုင်ရအဆင်မပြေရင် အဲဒီအဖုထဲက အရည်တွေစုပ်ထုတ်နိုင်ပါတယ်။ FNAB-Fine Needle Aspiration biopsy ဆိုတာကတော့ အကျိတ်ထဲ အပ်သေးသေးထိုးထည့်ပြီး ဆဲလ်တွေဖယ်ရှားပြီးတဲ့အခါ ဓာတ်ခွဲခန်းဆီပို့ပြီး ကင်ဆာ ဟုတ်၊ မဟုတ် စစ်ဆေးတဲ့နည်းဖြစ်ပါတယ်။

ရင်သားကင်ဆာဆိုလည်း စိုးရိမ်စရာမလိုပါဘူး။ ရင်သားကင်ဆာက အများအားဖြင့် နာကျင်မှုမရှိသလို Fibroadenoma နဲ့အရည်အိတ် (Cyst) ထက်စာရင် ကြီးထွားမှုနှေးကွေးပါတယ်။ အရွယ်အစား၊ ပုံသဏ္ဌာန် အပြောင်းအလဲကို သတိပြုမိရင်၊ ပုံမှန်မဟုတ်တဲ့ ခံစားမှုမျိုးခံစားရရင် အကျိတ်ပေါ်ပြီး အရေပြားနီရဲတာ၊ တွန့်ခေါက်တာ၊ ချိုင့်ဝင်တာ ဒါမှမဟုတ် အရည်ထွက်တာတို့ကိုသတိပြုမိရင် ဆရာဝန်နဲ့ ပြသသင့်ပါတယ်။ ရင်သားတစ်ဖက်တည်းမှာပဲ နာကျင်နေပြီး ခံရခက်နေတယ်ဆိုရင်တော့ စိုးရိမ်သင့်ပါတယ်။ ရင်သားကင်ဆာဖြစ်ရင် ခွဲစိတ်ခြင်း၊ ကင်ဆာဆေးသွင်းခြင်း (Chemotherapy)၊ ဓာတ်ရောင်ခြည်ပေးခြင်း (Radiation) တို့ ပြုလုပ်ပြီး ကုသမှုခံယူတဲ့အခါ လုံးဝပျောက်ကင်းတဲ့အခြေအနေ ထိရောက်ရှိနိုင်ပါတယ်။

ခြေထောက်မှာ အကျိတ်မာမာဖြစ်နေတဲ့အခါ ကင်ဆာထင်ပြီး ကြောက်ရွံ့နေတတ်ပါတယ်။ ဖြစ်နိုင်ခြေက အဆီဖု ဒါမှမဟုတ် အရေပြားပေါ်က အကျိတ် (Dermatofibroma) ဖြစ်ပါတယ်။ အရေပြားအကျိတ် (Dermatofibroma) ဆိုတာ ကင်ဆာမဟုတ်တဲ့အကျိတ်မာဖြစ်ပါတယ်။ အသားရောင်၊ အဖြူရောင်၊ ပန်းရောင် စတဲ့အရောင်တွေရှိပြီး ပိုးကိုက်သလို၊ ဆူးစူးသလို ပြန်လည်တုံ့ပြန်တာဖြစ်တတ်ပါတယ်။ အမျိုးသမီးတွေမှာ ပိုအဖြစ်များပါတယ်။ အဲဒီအကျိတ်က ခြေထောက်၊ လက်၊ ဗိုက်၊ ခါး၊ လည်ပင်းမှာဖြစ်ရင် ဒါက အဆီဖု(Lipoma) ဖြစ်ပါတယ်။

အဖုအကျိတ်တွေကြီးထွားလာပြီး အလှမပျက်မချင်း ဖယ်ရှားစရာမလိုပါဘူး။ ကင်ဆာမျိုးဖြစ်တဲ့ စကွေးမက်ဆဲလ်ကင်ဆာ (Squamous cell carcinoma) ကတော့ ခြေ၊ လက်၊ မျက်နှာနဲ့ နားမှာဖြစ်တတ်ပြီး အရင်ဆုံး အနီရောင်အရေပြားကနေ တဖြည်းဖြည်းကြီးပြီး မာလာတတ်တယ်။ ဒါကြောင့် အပြောင်းအလဲတစ်ခုခု သတိထားမိလိုက်တာနဲ့ ဆရာဝန်နဲ့ပြသသင့်ပါတယ်။

ပေါင်ခြံမှာ အဖုစမ်းမိရင် ကင်ဆာဆိုပြီး စိုးရိမ်မိတတ်ကြတယ်။ ဖြစ်နိုင်ခြေက အသားပို ဒါမှမဟုတ် အရေပြားထဲမြုပ်နေတဲ့ အမွေးဖြစ်တတ်တယ်။ အသားပိုထွက်တာက ဖြစ်လေ့ရှိပြီး ခန္ဓာကိုယ်ရှိ ပေါင်ခြံ၊ လည်ပင်း၊ ချိုင်း၊ ဆီးခုံနဲ့ပေါင်တို့မှာ ဖြစ်တတ်ပါတယ်။ ချိုင်းနဲ့ဆီးခုံမှာ အမွေးအမှင်တွေကိုဖယ်ရှားပြီးနောက် အသစ်ထွက်လာတဲ့အမွေးတွေက အပြင်မထွက်ဘဲ အတွင်းမှာမြုပ်နေရင်လည်း အဖုဖြစ်နိုင်ပါတယ်။

အသားပိုတွေကို ဆရာဝန်တွေအနေနဲ့ ဖယ်ရှားပေးဖို့လွယ်ကူပေမယ့် ကိုယ့်ကိုအန္တရာယ်မပေးရင် ဒီအတိုင်းထားလို့ရပါတယ်။ အမွေးက အရေပြားထဲမြုပ်နေရင် တစ်ခါတစ်ရံရောဂါပိုးဝင်ပြီး ရောင်တတ်ပါတယ်။ ဒီလိုဖြစ်ရင် ပဋိဇီဝပိုးသတ်ဆေး( Antibiotic) လိုပါတယ်။ ဒီလိုမဖြစ်ရအောင် အမွေးမရိတ်မီ အရေပြားကြေးချွတ်နိုင်ပါတယ်။ အမွေးပေါက်တတ်တဲ့နေရာတွေကို ပိုးသတ်နိုင်တဲ့လက်ဖက်ဆီ (Tea Tree Lotion) လိမ်းပေးနိုင်ပါတယ်။

အဖုက တဖြည်းဖြည်းကြီးလာပြီး စမ်းကြည့်တဲ့အခါ မာမာကြီးဖြစ်နေတာ၊ သွေးထွက်တာတို့ရှိရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်။ နောက်ပြီး ချိုင်း၊ ပေါင်ခြံနဲ့ လည်ပင်းမှာ နာကျင်မှုမရှိတဲ့အဖုက တစ်လကျော်ကြာဖြစ်ပေါ်နေရင်လည်း ဆရာဝန်နဲ့ ပြသသင့်ပါတယ်။

လည်ပင်းမှာထွက်တဲ့အကျိတ်က အဆီအိတ် (Sebaceous cyst) ဖြစ်နိုင်ပါတယ်။ အသက် ၂၀-၃၀ ကျော်အရွယ်တွေမှာ အများဆုံးဖြစ်တတ်ပါတယ်။ ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်တတ်ပါတယ်။ အဆီဂလင်းတွေပိတ်ပြီး အဆီတွေများလာကာ 1-10 စင်တီမီတာနဲ့အထက်အရွယ်ရှိ နာကျင်မှုကင်းတဲ့ အဖုတွေဖြစ်လာနိုင်ပါတယ်။

ဆရာဝန်က ထုံဆေးပေးပြီးဖယ်ရှားလို့ရပေမယ့် ခွဲစိတ်လို့ကျန်ခဲ့တဲ့အမာရွတ်က နဂိုအဖုအကျိတ်ထက်တောင် ပိုကြီးနိုင်တာကြောင့် အဖုကြီးမှ ဒါမှမဟုတ် ရောဂါပိုးဝင်နိုင်ခြေရှိမှ ခွဲထုတ်လေ့ရှိပါတယ်။

အဆီအိတ်အဖုကနေ ကင်ဆာဖြစ်မလာနိုင်ပေမယ့် အဲဒီအဖုက အနီရောင် ဒါမှမဟုတ် ပန်းရောင်အဖုလေးဖြစ်ပြီး အက်ကွဲတာ၊ သွေးထွက်တာတို့ဖြစ်လာရင် ဆရာဝန်နဲ့ ပြသဖို့လိုအပ်ပါတယ်။

အရေပြားအောက် အဆီကျိတ်တွေက အရေပြားအောက်နားကထွက်လာတဲ့ အဆီအိတ် ဒါမှမဟုတ် အလုံးငယ်လေးဖြစ်ပြီး မျက်နှာ၊ လည်ပင်းနဲ့ နောက်ကြောတွေမှာ အဖြစ်များပါတယ်။ ဒီအဖုအကျိတ်တွေက နာကျင်မှုမရှိဘဲ လှုပ်လို့ရတာ၊ ဖြည်းဖြည်းချင်းကြီးလာတာများတယ်။ ဒါပေမဲ့ တစ်ခါတလေ ရောင်ပြီးနာလာတတ်တယ်။ မွေးညင်းပေါက်နားမှာဖြစ်တာများပြီး တစ်ခါတလေမှာ ထိခိုက်ဒဏ်ရာကြောင့် ပိုဆိုးတတ်ပါတယ်။

အဆီကျိတ်တွေက အရေပြားအောက်နားလေးကထွက်လာတဲ့နာကျင်မှုမရှိတဲ့ အဖုငယ်လေးဖြစ်ပြီး နှစ်ကြာလာတဲ့အခါ အလွန်ကြီးလာတတ်တယ်။ အချိန်ကြာလာတာနဲ့အမျှ ရောဂါပိုးလည်းဝင်လာနိုင်တယ်။ ရောဂါပိုးဝင်လာပြီဆိုရင် အဖုက နီရဲပြီး နာလာတယ်။ ဒီလိုဖြစ်လာရင် အရည်ပျစ်ပျစ်တွေ ထွက်လာတတ်တယ်။ လိုအပ်ရင် အသားစယူပြီး စစ်ဆေးကြည့်သင့်ပါတယ်။

ကုထုံးတွေအနေနဲ့ အဖုအကျိတ်တွေက အန္တရာယ်မရှိလို့ ဒီအတိုင်းထားလို့ရတယ်။ ဒီအဖုတွေက နီပြီး ရောင်ရမ်းလာရင်တော့ ရေနွေးဝတ်ကပ်ပေးသင့်ပါတယ်။ ရောင်နေတဲ့အဖုကို အရောင်ကျစေဖို့ စတီးရွိုက် (Steroid) ဆေးထိုးတာ၊ ပြည်တည်ပါက ခွဲထုတ်တာအပြင် အန္တရာယ်ဖြစ်နိုင်တဲ့နေရာတွေမှာအဖုဖြစ်ရင်၊ အဲဒီအဖုမှာ ရောဂါပိုးဝင်နေမယ်ဆိုရင် ခွဲစိတ်ထုတ်ပစ်သင့်ပါတယ်။

အဖုအကျိတ်အားလုံး ကင်ဆာမဟုတ်တဲ့အတွက် အမြဲစိတ်ပူနေဖို့မလိုပါဘူး။ ခန္ဓာကိုယ်အပေါ်ယံအရေပြားကနေ စမ်းလို့ရတဲ့အဖုအကျိတ်အများစုက မစိုးရိမ်ရပါဘူး။

အဖုအကျိတ်ကိုကိုင်ကြည့်ရင်ပျော့တယ်၊ လှုပ်တယ်၊ ရွှေ့သွားတယ်၊ နာတယ်။ အဆီကျိတ် (Lipoma) နဲ့ ချွေးပေါက်ကနေထွက်တဲ့အကျိတ် (Sebaceous cyst )တွေက မနာတတ်ပါဘူး။

တစ်ခါတစ်ရံ လှုပ်ရှားမှုလုပ်လိုက်ရင်နာတယ်၊ ကြီးလာတယ်၊ အနားပေးလိုက်ရင် သက်သာသွားပြီး သေးသွားတယ်။ ဒါက အားကစားသမားတွေမှာ ထိခိုက်မိရင် ပြင်းပြင်းထန်ထန်လှုပ်ရှားတဲ့အခါ အဖုအကျိတ်ပေါ်တာမျိုးပါ။ ဒါမျိုးဆိုရင် ရေခဲအုံပြီး ပတ်တီးစည်းပေးသင့်ပါတယ်။

ကိုင်ကြည့်ရင်မာတယ်၊ မရွှေ့ဘဲ တဖြည်းဖြည်းနဲ့ ကြီးလာတယ်။ အမျိုးသမီးတွေရဲ့ ရင်ဘတ်အကျိတ်၊ အမျိုးသားတွေရဲ့ ငယ်ပါအကျိတ်၊ ချိုင်း၊ လည်ပင်း၊ ပေါင်ခြံနေရာကအကျိတ်တွေဆိုရင် သတိထားသင့်ပါတယ်။

ဘယ်အဖုအကျိတ်ကိုမဆို ၁ လက်မထက် တဖြည်းဖြည်းကြီးလာရင် သတိထားသင့်တယ်။ ထိမိခိုက်မိတာမဟုတ်ဘဲ အဖုအကျိတ်၊ အလုံးအသစ်တစ်လုံးပေါ်လာပြီး တစ်ပတ်၊ နှစ်ပတ်လောက်အတွင်း ပျောက်မသွားရင် မိသားစုဆရာဝန်နဲ့တိုင်ပင်သင့်ပါတယ်။

အချုပ်ဆိုရရင် မြန်မာနိုင်ငံမှာ အဖုအကျိတ်တိုင်း ကင်ဆာတစ်ခုတည်းစဉ်းစားစရာမဟုတ်ဘဲ တီဘီကိုလည်း ခေါင်းထဲထည့်စဉ်းစားရမှာဖြစ်တယ်။ အဖုအကျိတ်တိုင်း ဆေးတွေလိမ်းလိုက်၊ သောက်လိုက်လုပ်စရာမလိုပါဘူး။ ညှစ်မထုတ်သင့်ပါဘူး။ အဆီကျိတ်အများစုက ကင်ဆာမဟုတ်ပါဘူး။ မမာဘူး၊ လှုပ်လို့ရတယ်၊ အကျိတ်ကိုစမ်းကြည့်လို့ လိမ့်နေတယ်ဆိုရင် မခွဲဘဲနေနိုင်ပါတယ်။ အရေပြားတင်မက အမြစ်ပါတွယ်နေရင် ခွဲစိတ်ဖယ်ရှားသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

**ဒေါက်တာလွင်သန့်**

## ကလောမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်များ စာဖတ်စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ကလော ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၇ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်လွဲလွဲဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်စန်းစန်းယဉ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မောင်ကျော်မင်းခန့်က လူငယ်နှင့်ယဉ်ကျေးမှု၊ Grade-11 မှ မောင်ထူးခန့်က လူငယ်နှင့်မူးယစ်ဆေး၊ Grade-11 မှ မောင်အောင်မျိုးမင်းက လူငယ်နှင့်ကျန်းမာရေး၊ Grade-11 မှ မစိမ်းလဲ့လဲ့ထွေးက လူငယ်နှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ Grade - 11 မှ မဆုလာဘ်ရတီကျော်က လူငယ်နှင့်ဆိုရှယ်မီဒီယာ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးကြသည့်ခေါင်းစဉ်အလိုက် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ကွန်ကရစ်ပေါင် ချောင်းကျောက်လမ်းသစ်ဖွင့်လှစ်



**ဟသ်ာတ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျုံတုံးကျေးရွာအုပ်စု အင်းဇရပ်ကျေးရွာ ကွန်ကရစ်ပေါင် ချောင်းကျောက်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၇ ရက်နံနက်ပိုင်းတွင် လမ်းမုခ်ဦးတည်နေရာ၌ကျင်းပသည်။

ဦးစွာ ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါ်သီတာအောင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မော်သန်းနှင့် ဟသ်ာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းတို့က ကွန်ကရစ်ပေါင်ချောင်းကျောက်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် တက်ရောက်လာသော တာဝန်ရှိသူများက လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်ပေါင် ချောင်းကျောက်လမ်းခင်းခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ( VDP ) နိုင်ငံတော်ခွင့်ပြုငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ ဖြင့် လမ်းအရှည်ပေ ၁၉၂၀၊ အကျယ် ၁၁ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ပေါင် ချောင်းကျောက်လမ်းခင်းခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း သိရသည်။

**ဇင်မာ**

# သစ်တောထိန်းသိမ်းရေး ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပန်းတနော် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွာသစ်ကျေးရွာ မြဘုံသာဘုန်းကြီးကျောင်း၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၈ ရက်နံနက်ပိုင်းတွင်ကျင်းပသည်။



အခမ်းအနားတွင် ပန်းတနော်မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးသန့်ဇင်က သစ်တောသယံဇာတများအား ထိန်းသိမ်းရန်၊ ရေသယံဇာတများအား ထိန်းသိမ်းရန်နှင့် မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပွားစေနိုင်သောဆိုးကျိုးများ၊ မီးခိုးမြူငွေ့အမျိုးအစားများအကြောင်းကိုလည်းကောင်း၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် အသက်ရှူလမ်းကြောင်းနှင့် နှလုံးဆိုင်ရာရောဂါများဖြစ်ပွားနိုင်သည့်အကြောင်းကိုလည်းကောင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများမျိုးသုဉ်းပျက်စီးစေခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဝိုင်းဝန်းစောင့်ရှောက်ကြရေး၊ ရေသယံဇာတထိန်းသိမ်းရေးတို့ကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ကျေးလက်နေပြည်သူများတက်ရောက်ကြပြီး ကျေးလက်နေပြည်သူများ မီးဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်စေရန်၊ သစ်တောများပြုန်းတီးမှု မဖြစ်စေရေးအတွက် ရွှေ့ပြောင်းတောင်ယာများခုတ်ထွင်ခြင်းမှ ထိန်းသိမ်းမှုရှိစေရန်၊ တောင်ယာ၊ ဥယျာဉ်ခြံများမီးရှို့ရာ၌ မီးတားစနစ်ဖြင့် ဆောင်ရွက်တတ်စေရန်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးနှင့် ပြည်သူများ၏ကျန်းမာရေးထိခိုက်မှုမှ ကာကွယ်ပေးနိုင်မှုများရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာစေရန်ရည်ရွယ်၍ ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသည့်လုပ်ငန်းများကို ဖေဖော်ဝါရီ လ ၈ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထန်းတောကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ထုတ်ချေးငွေကျပ် ခုနစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ထုတ်ချေးငွေကျပ်၂၈ ဒသမ ၆၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကိုထုတ်ချေးငွေကျပ်၁ ဒသမ ၃၅ သန်းအား ထုတ်ချေးပေးထားကြောင်းသိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပြည်ထောင်စုအားမာန်

* ဆောင်းလေအလွင့်၊ ငုဝါပွင့်ချိန်
ဝင်းထိန်ညီနွဲ့၊ သီဖွဲ့တေးဆို
နွေကြိုဥသြ၊ တွန်သံနှောရင်း
ညီရင်းဆွေနောင် သတ္တိပြောင်ခဲ့။

* တောင်တန်းပြည်မ၊ မခွဲခြားရေး
တစ်သွေးစိတ်ဝမ်း၊ တူဆုံလှမ်းခဲ့
နွဲ့လိုက်တဲ့အသံ၊ ပြည်လုံးညံ၏
ရဲမာန်ရဲစိတ် ပြည်လုံးဖိမ့်။

* ဆောင်းကမစဲ၊ နှင်းဖွဲဖွဲမှာ
ပေါင်းလာစုရုံး၊ သွေးချင်းပြုံးလျက်
မပျက်စည်းလုံး၊ ညီညွတ်နှုန်းကို
ပြဆိုဖွင့်လှစ် (ဖေဖော်ဝါရီ)တစ်ဆယ့်နှစ်။

* ပြည်ထောင်စုသား၊ ကယား၊ ကရင်၊
ကချင် ရှမ်းဆိုင်၊ ရခိုင် မွန်ပျို
ချင်းဆိုအားကိုး၊ ဆွေမျိုးပေါက်ဖော်
ညီတော်သွေးသား ဗမာအားထား။

* တို့ဘေးတို့ဘွား၊ အမွေထားရစ်
တို့များချစ်မြေ၊ မဖွဲ့ဝေနှင့်
ဆန်ရေစပါး၊ ပတ္တမြားကျောက်သံ
ရေနံတွင်းထွက်၊ ရေထွက်သားငါး
တူဆုံစားရင်း ချစ်ကြည်နှင်း။

* ဤမြေကျေးဇူး၊ မြန်ပြည်ဦး၌
ကြည်နူးရွှင်ပျ၊ စည်းလုံးကြလျက်
အကျင့်လည်းမှန်၊ အကြံလည်းကောင်း
အကြောင်းလည်းမျှော် သို့မှတော်လိမ့်။

* သည်မြေပေါ်ကြီး၊ စည်တီးခမ္မ
ကျင့်သုံးကြလေ့၊ မပေ့ါကျင့်ထုံး
နှလုံးမြင့်မြတ်၊ နောင်နာဂတ်တွက်
ငဲ့ကွက်ရှေးရှု ညီဆောင်ပြု။

* မွေးဖွားပေးပြီး၊ ပြည်ထောင်ကြီးကို
ကြီးထွားသန်စွမ်း၊ ပြည်မပန်းအောင်
ရည်ဆောင်ကြိုးပမ်း၊ အတူထမ်းသင့်
တွေးချင့်သတိ၊ ပညာရှိလျက်
သတ္တိနှင့်ဖွဲ့၊ စွဲမြဲရင်ဝယ်
နယ်ချဲ့မိစ္ဆာ၊ တွန်းလှန်လာရ
ဘမျိုးဘိုးဘွား၊ ကျေးဇူးများကို
စံထားနှိုင်းယှဉ်၊ သမိုင်းစဉ်ကြည့်
အမောင်အမိ မြဲသတိ
ပြည်ထောင်စု၏ အားမာန်သိ။ ။

**ယဉ်ယဉ်(ဘက်ရဲ)**

# “MSME လုပ်ငန်းတွေအနေနဲ့ ကိုယ့်ရဲ့ထုတ်ကုန်တွေကို ဈေးကွက်ပိုမိုရရှိအောင်လုပ်ဆောင်နိုင်မှာဖြစ်တဲ့အပြင် လုပ်ငန်းရှင်အနေနဲ့ ကြိုးစားဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့အခက်အခဲတွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့တင်ပြဆွေးနွေးနိုင်မှာလည်းဖြစ်ပါတယ်”

**ဒေါ်ခင်သက်မော် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းပြခန်း)**




**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

**တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများခင်းကျင်းပြသရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။**

**ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထုတ်ကုန်များပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများ သိရှိနိုင်ရန် တွေ့ဆုံမေးမြန်းရေးသားတင်ပြလိုက်ရပါသည် –**

**ဦးမင်းဇော်သန်း**
**အေးသာယာပိုင်ထုတ်လုပ်ရေးလုပ်ငန်း**
**ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်း**



ကျွန်တော်တို့ ပြည်နယ်ကထွက်ရှိတဲ့ စပျစ်ကိုအခြေခံပြီး ဝိုင်ထုတ်လုပ်တဲ့ လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံးလုပ်ကိုင်တဲ့ကုမ္ပဏီတစ်ခုလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီရဲ့ ရည်ရွယ်ချက်က ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းအနေနဲ့ ထုတ်လုပ်နိုင်အောင်ဖြစ်ပါတယ်။ အခုကတော့ ပြည်တွင်းမှာ တစ်နိုင်ငံလုံးဖြန့်ချိနေပါတယ်။ ဝိုင်ကို ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းအမှတ်တံဆိပ်တစ်ခုအဖြစ် ကြိုးစားရာမှာ ပြည်တွင်းကုန်ကြမ်းကို အခြေခံအသုံးပြုရတာဖြစ်ပါတယ်။ ဒါပေမဲ့ ဝိုင်အဖြစ်ထုတ်လုပ်တဲ့လုပ်ငန်းစဉ်မှာ အသုံးပြုတဲ့ chemical ကုန်ကြမ်းကို ပြည်ပက သွင်းရတာတော့ရှိပါတယ်။ ကျွန်တော်တို့လုပ်ငန်းက ရာသီအချိန်အခါနဲ့ လုပ်ကိုင်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် လိုအပ်တဲ့ chemical ကုန်ကြမ်းကို လိုအပ်တဲ့အချိန် ရရှိနိုင်ရေးက အဓိကကျသွားပါတယ်။ ဒီအပိုင်းလေးတွေ အဆင်ပြေသွားရင် ကျွန်တော်တို့အနေနဲ့ ပိုပြီးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အခုအချိန်မှာ နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့လို MSME လုပ်ငန်းတွေအတွက် လိုအပ်တဲ့ကဏ္ဍတိုင်းကို အားပေးမြှင့်တင်ပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဦးမျိုးသီဟ**
**Project Manager ၊ Precision Auto Engineering Company Limited**
**ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း**



ကရင်ပြည်နယ် ဘားအံစက်မှုဇုန်မှာ SKD စနစ်နဲ့တပ်ဆင်ထုတ်လုပ်တဲ့ အိန္ဒိယနိုင်ငံထုတ် Bajaj အမှတ်တံဆိပ် လူစီး သုံးဘီးယာဉ်တွေ ပါဝင်ပြသတာဖြစ်ပါတယ်။ ဒီသုံးဘီးယာဉ်တွေဟာ ဆီစားနှုန်းသက်သာပြီး လုံခြုံမှုရှိတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခြေခံလူတန်းစားတွေ လူနေမှုဘဝမြှင့်တင်ရေးတို့အတွက် ခေါက်တိုသယ်ယူပို့ဆောင်မှုအခန်းကဏ္ဍမှာသင့်လျော်ပြီး ဘေးကင်းလုံခြုံစိတ်ချရတဲ့အတွက် ဝယ်ယူသုံးစွဲသူရော၊ စီးနင်းသူများပါ အထူးကြိုက်နှစ်သက်ကြတယ်။ လက်ရှိပြည်တွင်းမှာလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာပြည်အနှံ့မှာ လက်ငင်းစနစ်အပြင် အရစ်ကျစနစ်နဲ့ပါ ရောင်းချပေးလျက်ရှိပြီးတော့ ယာဉ်အပြင် အပိုပစ္စည်းတွေကိုပါ လုံလောက်စွာ ဝန်ဆောင်မှုအပြည့်နဲ့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ယာဉ်အတွက် Km–20000 အာမခံ after sale service ပေးထားပြီးတော့ အရင်းအနှီးအနည်းငယ်နဲ့ကိုယ်ပိုင်လုပ်ငန်းသစ်တစ်ခု ထူထောင်လိုသူတွေအတွက် မိသားစုဝင်ငွေပုံမှန်ရရှိအောင် အထောက်အကူပြုပါတယ်။ ပြီးတော့ Bajaj EV(လျှပ်စစ်သုံး)လူစီး သုံးဘီးယာဉ်နဲ့ ဆိုင်ကယ်တွေကိုပါ နိုင်ငံအတွင်း တပ်ဆင်ထုတ်လုပ်ဖို့ EV စက်ရုံကိုလည်း ကရင်ပြည်နယ် ဘားအံစက်မှုဇုန်မှာ စက်ရုံတည်ဆောက်ဆောင်ရွက်နေပြီဖြစ်ပြီးတော့ အခုနှစ် မတ်လအတွင်းမှာ တစ်နိုင်ငံလုံး ဖြန့်ဖြူးရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ထုတ်ကုန်ကို အခုလို ပြည်ထောင်စုနေ့ပြပွဲမှာ ကရင်ပြည်နယ်ကိုယ်စားပြု MSME ထုတ်ကုန်ပြခန်းမှာ ပြသရောင်းချခွင့်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့ကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။

**ဒေါ်ခင်သက်မော်**
**ဒုတိယဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းပြခန်း**

ဒီပြပွဲမှာ ကျွန်မတို့အသင်းအနေနဲ့ ပြခန်းပြသလို ကျွန်မအနေနဲ့ MSME ပြိုင်ပွဲမှာ ဒိုင်အဖွဲ့ဝင်အနေနဲ့ပါဝင်ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ MSME တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်ကူညီတာဖြစ်ပါတယ်။ ဒီလိုပြပွဲပြိုင်ပွဲတွေမှာပါဝင်တဲ့ MSME လုပ်ငန်းတွေအနေနဲ့ ကိုယ့်ရဲ့ထုတ်ကုန်တွေကိုဈေးကွက်ပိုမိုရရှိအောင်လုပ်ဆောင်နိုင်မှာဖြစ်တဲ့အပြင် လုပ်ငန်းရှင်အနေနဲ့ ကြိုးစားဆောင်ရွက်ရာမှာတွေ့ကြုံရတဲ့အခက်အခဲတွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ တင်ပြဆွေးနွေးနိုင်မှာလည်းဖြစ်ပါတယ်။ ပြီးတော့ MSME



တွေ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်တဲ့ နည်းပညာနဲ့ စက်ပစ္စည်းတွေ ပံ့ပိုးခြင်း၊ သက်ဆိုင်ရာ certificate တွေ ရရှိနိုင်ဖို့ ကူညီပေးခြင်းနဲ့ အလားအလာရှိတဲ့ MSME တွေကို ရင်းနှီးငွေပံ့ပိုးပေးခြင်း စတဲ့ကိစ္စရပ်တွေကိုပါ ပိုမိုဆောင်ရွက်ပေးနိုင်ရင်တော့ MSME လုပ်ငန်းငယ်တွေက ပြည်တွင်းကနေ နိုင်ငံတကာဈေးကွက်အထိ လျှောက်လှမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်ရှင်။

**တွေ့ဆုံမေးမြန်း–ဝင်းဝင်းမင်း**
**ဓာတ်ပုံ–ဖိုးပြည့်စုံ**

# ပြည်ထောင်စုအဆင့် MSMEထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ လုပ်ငန်း / စီးပွားချိတ်ဆက်မှုပြခန်းတွင် MSME လုပ်ငန်းရှင်များအတွက် ပြည်တွင်းပြည်ပဈေးကွက်များချိတ်ဆက်ဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၈

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်း၌ MSME လုပ်ငန်းရှင်များအတွက် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေချိတ်ဆက်မှုနှင့်ဆက်စပ်ဝန်ကြီးဌာနများ၏ One Stop Services များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ပြည်တွင်းဈေးကွက်ချိတ်ဆက်မှုအတွက် ပဲခူး၊ မွန်၊ ရန်ကုန်တို့မှ MSME လုပ်ငန်းရှင်ငါးဦးတို့၏အသင့်စားစားသောက်ကုန်၊ ဝဥ၊ ကွမ်းသီးခြောက်၊ လက်ဖက်ခြောက်တို့ကို လက်လီလုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်ရေးဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်ပဈေးကွက်ချိတ်ဆက်မှုအတွက် တနင်္သာရီ၊ မန္တလေး၊ ဧရာဝတီ၊ မွန်၊ ကရင်တို့မှ MSME စီးပွားရေးလုပ်ငန်းရှင် ငါးဦးနှင့် စီးပွားရေးသံမှူး ၁၆ ဦးတို့ ရော်ဘာ၊ ပုလဲ၊ ဝဥခြောက်တင်ပို့လိုမှုကိစ္စရပ်များဆွေးနွေးနိုင်ခဲ့ကြောင်းနှင့် ရင်းနှီးမတည်ငွေချိတ်ဆက်မှုတွင် ကရင်၊ စစ်ကိုင်း၊ ပဲခူး၊ ရှမ်း(တောင်)၊ ရန်ကုန်တို့မှ MSME လုပ်ငန်းရှင်ကိုးဦးတို့ကို ဘဏ်လုပ်ငန်းရှင်များနှင့် ရင်းနှီးမတည်ငွေရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားမှုအတွက် ကုမ္ပဏီတစ်ခု၊ မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားပြီး မှတ်ပုံတင်လက်မှတ်ရရှိနိုင်မှုအတွက် ကုမ္ပဏီသုံးခုတို့ကို ဆွေးနွေးဖြေကြားနိုင်ခဲ့ပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ မန်ကျည်းတော်ဖီလုပ်ငန်းတစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဆိတ်သားခြောက်လုပ်ငန်းတစ်ခု၊ မန္တလေးတိုင်းဒေသကြီးမှ သဘာဝခေါင်းလျှော်ရည်လုပ်ငန်းတစ်ခုတို့မှ FDA လျှောက်ထားမှုဆိုင်ရာလိုအပ်ချက်များကိုဆွေးနွေးဖြေကြားနိုင်ခဲ့သည်။



အလားတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်မှ ဝဥလုပ်ငန်းရှင်၊ ကွမ်းသီးလုပ်ငန်းရှင်တို့၏ ဒါရိုက်တာများ လိုက်နာရမည့်တာဝန်များဆိုင်ရာမေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ပြီး ကရင်ပြည်နယ်မှ မှိုင်းခံရော်ဘာထုတ်လုပ်ရေးလုပ်ငန်းရှင်၏ကုမ္ပဏီအသစ် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုးကိုသာ အစဉ်ရှေးရှုကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီးပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့်စားရေရိက္ခာဖူလုံစေရန် အဓိက ထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ
(၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)
၁၅-၁-၂၀၂၅



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်မှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်မှုအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ကျင်းပပြုလုပ်ရာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား အစီအစဉ်များအလိုက် အစမ်းလေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် MSME လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့် အတူ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ Digital Corner နည်းပညာပြခန်း၊ MSME နှင့်ချိတ်ဆက်ထားသည့်ဆက်စပ်လုပ်ငန်းပြခန်း၊ Business Matching Hall တွင် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးအသီးသီးမှ စီးပွားရေးသံမှူးများနှင့် ပြည်ပပို့ကုန်ပို့လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များ အပြန်အလှန်ဆက်သွယ်နိုင်ရေးဆောင်ရွက်ပေးထားမှုဝန်ဆောင်မှု ပြခန်း၊

**စာမျက်နှာ ၁၂ သို့** ◆



အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Business Matching Hall တွင် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးအသီးသီးမှ စီးပွားရေးသံမှူးများနှင့် ပြည်ပပို့ကုန်ပို့လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များ အပြန်အလှန်ဆက်သွယ်နိုင်ရေးဆောင်ရွက်ပေးထားမှုဝန်ဆောင်မှုပြခန်းအား ကြည့်ရှုအားပေးစဉ်။



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား အစီအစဉ်များအလိုက် အစမ်းလေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

◆ စာမျက်နှာ ၁၁ မှအဆက်

ပြန်ကြားရေးဝန်ကြီးဌာနမှ လုပ်ငန်းရှင်များအတွက် ကြော်ငြာရိုက်ကူးထုတ်လုပ်ပေးနိုင်မှုသရုပ်ပြခန်းအပါအဝင် ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၏ ကဏ္ဍစုံလင်စွာ ပြခန်းအလိုက် ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း (၉၆)ခန်းဖြင့် စည်ကားသိုက်မြိုက်စွာဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး ထုတ်ကုန်ပြိုင်ပွဲများတွင်ယှဉ်ပြိုင်သည့်အမျိုးအစားများအလိုက် ဆုအမျိုးအစားပေါင်း (၃၁)မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့်ငွေသားဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါငွေသားဆုအား ချီးမြှင့်ခံရသူမှ Digital Payment System အသုံးပြု၍ လက်ငင်း E Banking ဖြင့် ငွေသားထုတ်ယူရရှိရေးစီစဉ်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ (၁၀၀)

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

စဉ့်ကိုင် ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း(Book Club)တို့ပူးပေါင်း၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ ကျောင်းသူများ စာပေနှင့်ထိတွေ့၍ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များပေါ်ပေါက်လာကာ စာပေဖတ်ရှုခြင်းဖြင့် အတွေးအမြင် ဗဟုသုတများပိုမိုကြွယ်ဝလာစေရန်၊ စာဖတ်စွမ်းရည်များတိုးတက်လာစေရန်၊ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်ပေးဒိုင်များက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် အမှတ်ပေးဇယားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## ဧရာဝတီမြစ်ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေး ကမ်းထိန်းတမံ တည်ဆောက်နေမှုနှင့် သောင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး





ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဧရာဝတီမြစ်ကမ်းပါးရှိ အိပ်ပျက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများနှင့် ရေကြီးရေလျှံမှုကာကွယ်ရေးတာများ ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးအတွက် ကမ်းထိန်းတမံတည်ဆောက်နေမှုနှင့် သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဧရာဝတီမြစ်အတွင်းမှ ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးစဉ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေးဆွဲထားသော လုပ်ငန်းအချိန်ဇယား (Work Plan) အတိုင်း အချိန်မီပြီးစီးရေးဆောင်ရွက်ရန်၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးနှင့်လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဧရာဝတီမြစ်ကမ်းပါးဘေးရှိ အုန်းကုန်းကျေးရွာ ရေတိုက်စားကမ်းပြိုမှုနှင့် ရေကြီးရေလျှံမှုကာကွယ်ရေးတာများ ရေတိုက်စားကမ်းပြိုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့်အစီအမံများကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ထိရောက်အကျိုးရှိစေသည့် ရေရှည်အစီအမံများ (Master Plan) သေချာလေ့လာရေးဆွဲပြီး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚C | / | ၃၄˚C |
| ရန်ကုန် | ၂၀˚C | / | ၃၅˚C |
| မန္တလေး | ၁၈˚C | / | ၃၅˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# စုစည်းညီညွတ်သွေးစည်းကြ ပြည်ထောင်စု၏အနှစ်သာရ

**ကျော်တင့်(ရွှေခရမ်း)**

ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့သည် မြန်မာနိုင်ငံအတွင်းနေထိုင်သော ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအားလုံး၏ ရင်ထဲအသည်းထဲတွင် အရေးကြီးသောနေ့တစ်နေ့၊ မေ့ပျောက်၍မရသည့် အဓိပ္ပာယ်ပြည့်စုံသောနေ့တစ်နေ့၊ စည်းလုံးခြင်းတို့၏သင်္ကေတ အမှတ်အသား နေ့ထူးနေ့မြတ်တစ်ရက်အဖြစ် ခံစားသိရှိကြမည်ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်ရာဤနေ့ရက်တွင် ပြည်မတောင်တန်းဒေသမခွဲခြားဘဲ ပြည်ထောင်စုသားများအဖြစ် ဗြိတိသျှလက်အောက်မှ အတူတကွရုန်းထွက်ကာ လွတ်လပ်ရေးအရယူမည်ဟူသည့် စိတ်ဓာတ်အပြည့်ဖြင့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားပြည်သူများက အရေးကြီးလျှင်သွေးနီးကြသည်ဆိုသည့်အတိုင်း စည်းလုံးညီညွတ်မှုကို အခိုင်အမာပြသကာ ပင်လုံစာချုပ်ကြီးကိုချုပ်ဆိုနိုင်ပြီး နယ်ချဲ့တို့ထံမှလွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုအုတ်မြစ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်သော ပြည်ထောင်စုနေ့ကို မြန်မာပြည်သူပြည်သားတိုင်းက မေ့ပျောက်၍မရနိုင်သလို ပြည်ထောင်စုစိတ်ဓာတ်သည်လည်း နှောင်နှစ်ပေါင်းများစွာတိုင် ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်။ ပင်လုံမြေမှစတင်ခဲ့သည့် ပြည်ထောင်စုနေ့သည် ယခုဆိုလျှင် (၇၈) နှစ်တိုင်ခဲ့ပြီဖြစ်သလို ပြည်ထောင်စုဖွား တိုင်းရင်းသားများအတွက် တန်ဖိုးမဖြတ်နိုင်သည့် အစဉ်အလေးထားအပ်သောနေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်းစော်ဘွားများ၊ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်ကြီးများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို တစည်းတလုံးတည်း ညီညီညွတ်ညွတ်ဖြင့် လက်မှတ်ရေးထိုးခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရတော့မည့်အချိန်တွင် တောင်တန်းဒေသကို လွတ်လပ်ရေးမပေးဘဲ သွေးခွဲအုပ်ချုပ်ရန် ကြံစည်ခဲ့သည်။ မြန်မာနိုင်ငံကို ပတ်လည်ဝိုင်းနေသည့် တောင်တန်းဒေသကို နယ်ချဲ့တို့က ဆက်လက်ချုပ်ကိုင်ထားပြီး ပြည်မဒေသကိုသာ လွတ်လပ်ရေးပေးမည့်အကြံဖြစ်သည်။ ပြည်မသားနှင့် တောင်တန်းသားအားလုံးအခွင့်အရေးတန်းတူညီမျှရေးဟူသည့် သဘောထားပေါ်တွင်အခြေခံကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုအပေါ်မူတည်၍ ပြည်သူလူထု၏ နိုင်ငံရေးနိုးကြားတက်ကြွမှုတို့ဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးပြီး လွတ်လပ်ရေးကိုအရယူနိုင်ခဲ့သည်။ နယ်ချဲ့တို့က နည်းမျိုးစုံအသုံးပြုကာ တောင်ပေါ်မြေပြန့်တိုင်းရင်းသားများကို မည်မျှပင် သွေးခွဲခဲ့သော်လည်း တိုင်းရင်းသားအားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နယ်ချဲ့တို့၏အကြံအစည်ကို ရိုက်ချိုးနိုင်ခဲ့သည်။ ထိုကဲ့သို့ တောင်တန်းပြည်မသွေးစည်းညီညွတ်စွာ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့်နေ့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းဝင်နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ပြီး ပြည်ထောင်စုကြီး မပြိုကွဲအောင် တိုင်းရင်းသားအားလုံးတို့က ဥမကွဲသိုက်မပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင်ထူသောနေ့လည်းဖြစ်သည်။

ပင်လုံစာချုပ်၏ အသီးအပွင့်အဖြစ် တောင်တန်းနှင့် မြေပြန့်ဒေသများပေါင်းစည်းပြီး ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည်။ တစ်နိုင်ငံလုံးစုစုစည်းစည်းဖြင့် လွတ်လပ်ရေးပြန်လည်ရယူနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ကြိုးပမ်းသွားရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စု၏အနက်အဓိပ္ပာယ်၊ ပြည်ထောင်စု၏အနှစ်သာရတို့ကို နှောင်မျိုးဆက်သစ်လူငယ်များ၏ ရင်ထဲနှလုံးသားထဲတွင် ကိန်းအောင်းတည်ရှိနေစေရန် ဆက်လက်လက်ဆင့်ကမ်းရမည်ဖြစ်ပြီး အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကို ပြုစုပျိုးထောင်သွားရမည်ဖြစ်သည်။

**○ တစ်နိုင်ငံလုံး စုစုစည်းစည်းဖြင့် လွတ်လပ်ရေးပြန်လည်ရယူနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ကြိုးပမ်းသွားရမည်ဖြစ် . . .**

**○ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စု၏အနက်အဓိပ္ပာယ်၊ ပြည်ထောင်စု၏အနှစ်သာရတို့ကို နှောင်မျိုးဆက်သစ်လူငယ်များ၏ ရင်ထဲနှလုံးသားထဲတွင် ကိန်းအောင်းတည်ရှိနေစေရန် ဆက်လက်လက်ဆင့်ကမ်းရမည်ဖြစ်ပြီး အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကို ပြုစုပျိုးထောင်သွားရမည်ဖြစ် . . .**

ပြည်ထောင်စုစိတ်ဓာတ်သည် ညီညွတ်ခြင်း၏အင်အားကိုပြသပြီး တစ်သားတည်းရှိသော စိတ်၊ မိသားစုသဖွယ်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရေရှည်အကျိုးစီးပွားကို တည်ဆောက်ခြင်းဖြစ်သည်။ မိသားစုတစ်စုအတွင်းမှာပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်းအသိုက်အမြုံတစ်ခုမှာပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခု ဒေသတစ်ခုမှာပဲဖြစ်ဖြစ် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ရှိမှသာ ဘေးအန္တရာယ်အယှက်ပယောဂများမဝင်ရောက်နိုင်ဘဲ အဆင်ပြေပြေ၊ ချောချောမွေ့မွေ့အောင်မြင်ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဖြင့် တိုးတက်ဖွံ့ဖြိုးမှုလည်း ရရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်သောနိုင်ငံဖြစ်သည့်အတွက် နိုင်ငံအတွက် ကောင်းကျိုးရလဒ်များဖော်ဆောင်နိုင်ရန် ပြည်သူတစ်ရပ်လုံး၏ ရင်ထဲနှလုံးသားထဲတွင် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ကိန်းအောင်းနေရန် လိုအပ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **“ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ပဲဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးဟာ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်မြေတည်းနေတစ်ရေတည်းသောက်ကြသူများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်ဦးမှာအရေးကြုံရင် တစ်ဦးကမပစ်ပယ်ဘဲ တလုံးတစည်းတည်း ပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုတဲ့စိတ်ဓာတ်၊ အရေးကြီးရင် သွေးစည်းရမယ်လို့ ခံယူထားတဲ့စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိတယ်လို့ ခံယူတဲ့စိတ်ဓာတ်တွေကို ပေါင်းရုံးစုစည်းပြီး ခေါ်ဆိုတာဖြစ်ပါတယ်”** ဟု ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်ကြီးတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီးတို့ဖြင့် စုပေါင်းဖွဲ့စည်းထားပြီး အချုပ်အခြာအာဏာပိုင်၍ လွတ်လပ်သော နိုင်ငံတော်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ မတူကွဲပြားသော တောတောင်ရေမြေသဘာဝအနေအထားများတွင် တိုင်းရင်းသားများ မွေးဖွားလာကြသည်ဖြစ်၍ အသွေးအရောင်၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုများကွဲပြားကြသော်လည်း တစ်မြေတည်းနေတစ်ရေတည်းသောက်ကြသူများဖြစ်သောကြောင့် တစ်သွေးတည်း တစ်သားတည်း ပြည်ထောင်စုဖွားညီအစ်ကိုမောင်နှမများပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အလျောက် ပြည်ထောင်စုစိတ်ဓာတ်က မရှိမဖြစ်လိုအပ်သည်။ အမိမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားအားလုံးက နှစ်ပေါင်းကြာမြင့်စွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ နေထိုင်ခဲ့ကြသည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အသက်သွေးကြောသဖွယ် အရေးကြီးလှသည်။ ပြည်သူအချင်းချင်း ညီညွတ်မှုမရှိပါက တိုင်းပြည်အင်အားကျဆင်းပြီး အသက်သွေးချွေးပေးဆပ်ကာ ရယူခဲ့ရသည့်လွတ်လပ်ရေးသည်လည်း ဆုံးရှုံးမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း(၇၆)နှစ်ကျော်လွန်လာခဲ့ပြီဖြစ်၍ လက်နက်ကိုင်ပဋိပက္ခများ မည်သည့်အကြောင်းကြောင့် ဖြစ်ပွားနေရသည်ကို

**○ တိုင်းရင်းသားအားလုံးက နှစ်ပေါင်းကြာမြင့်စွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာနေထိုင်ခဲ့ကြသည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အသက်သွေးကြောသဖွယ် အရေးကြီး . . .**

**○ ပြည်သူအချင်းချင်းညီညွတ်မှုမရှိပါက တိုင်းပြည်အင်အားကျဆင်းပြီး အသက်သွေးချွေးပေးဆပ်ကာရယူခဲ့ရသည့် လွတ်လပ်ရေးသည်လည်း ဆုံးရှုံးမည်ဖြစ် . . .**

**စာမျက်နှာ ၁၄ သို့**❖

◆ **စာမျက်နှာ ၁၃ မှအဆက်**

ပြန်လည်ဆန်းစစ်ကြည့်ရန် လိုသည်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလ၌ အားနည်းချက်ကိုသိမြင်ပြီး အနာဂတ်တွင် အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ နိုင်ငံရေး အယူအဆကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုမရှိသည်ကို သတိပြုကြရမည်ဖြစ်သည်။

ယခုကာလတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများနှင့် နိုင်ငံနှင့် ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသောအဖွဲ့အစည်းများက လူငယ်များကို စည်းရုံးသွေးထိုးကာ ပြည်ထောင်စုပြိုကွဲစေရန်လှုံ့ဆော်၍ အကြမ်းဖက်လုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ လူငယ်များသည် တိုင်းပြည်၏ အင်အားဖြစ်ပြီး တောက်ပသော အနာဂတ်ကိုယ်စီရှိကြသူများဖြစ်သည်။ နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့အောင် ဆက်လက်သယ်ပိုးဆောင်ရွက်သွားကြမည့် မျိုးဆက်သစ်များဖြစ်သည်။ တိုင်းပြည်၏ အနာဂတ်လူငယ်များကို သွေးထိုးလှုံ့ဆော်နေမှုများကို ပြည်သူတစ်ရပ်လုံးက တားဆီးကာကွယ်ရမည်ဖြစ်သည်။ ပြည်ထောင်စုနှင့် အမျိုးသားရေးစိတ်ဓာတ် ပြိုကွဲပျက်စီးစေရန် ကြံစည်နေသူများရှိနေသည်ကို သတိပြုဆင်ခြင်ရမည်ဖြစ်ပြီး အမှားနှင့်အမှန်၊ ဓမ္မနှင့်အဓမ္မကို ခွဲခြား၍ မိမိနိုင်ငံ၊ မိမိလူမျိုးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ပြည်သူများက အစဉ်လေးစားလိုက်နာသွားရမည်ဖြစ်ပြီး ယနေ့ခေတ်လူငယ်များအနေဖြင့် နိုင်ငံနှင့်လူမျိုးတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ကိုပါ ယှဉ်တွဲမွေးမြူသွားရမည်ဖြစ်သည်။ ဘိုးဘွားတို့က အသက်သွေးချွေးစတေး၍ တည်ထောင်ခဲ့ကြသော ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းတည်ငြိမ်ရေး၊ သာယာဝပြောရေးတို့ကို ဆက်လက်ထိန်းသိမ်းကာကွယ် ဆောင်ရွက်သွားရမည်ဖြစ်သည်။

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အတွက် အမျိုးသားရေးဦးတည်ချက်များ ဖြစ်သည့် –**

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။


(၄) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

ဟူသော ဦးတည်ချက်များ အောင်မြင်အောင် နိုင်ငံတော်နှင့်ပြည်သူအတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူများ၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကိုတည်ဆောက်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ကုန်လွန်ခဲ့သော သမိုင်းအတွေ့အကြုံများ၊ သမိုင်းသင်ခန်းစာများကို အတွေးအခေါ်အယူအဆမှန်မှန်ကန်ကန်ဖြင့် ပြန်လည်ဆင်ခြင်သုံးသပ်ကြရမည့် အချိန်ကာလဖြစ်သည်။ ပြည်ထောင်စု၏ အနှစ်သာရသည် စုစည်းညီညွတ်ခြင်းပင်ဖြစ်ပြီး နိုင်ငံ၏အားသည် နိုင်ငံအတွင်းမှာသာရှိသည်ဆိုသည့်အတိုင်း ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုကြီးဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်ကြပါစို့ဟု တိုက်တွန်းရင်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုပန်းချီပြိုင်ပွဲကျင်းပ



ဖီးကုန်း ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ဖီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြို ပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီလ ၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ ပန်းချီပြိုင်ပွဲနှင့် စာအုပ်ပြပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဖီးကုန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဝက်ကော်မှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်ဦးစီးအရာရှိဒေါ်မာမာဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကိုကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် ဂုရုကြီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၊ စီးပွားရေးနှင့် ကုမ္ပဏီလုပ်ငန်းရှင်များအား စိတ်အေးချမ်းမှုကျင့်စဉ်များဆွေးနွေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့သို့ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် ဂုရုကြီး Sri Sri Ravi Shankar သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatirium Hotel The Grand Ballroom ၌ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး စိတ်အေးချမ်းမှုကျင့်စဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

အခမ်းအနားသို့ အိန္ဒိယသံအမတ်ကြီး H.E.Mr. Abhay Thakur နှင့်တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘာကြီးတွင် လိုအပ်သော ငြိမ်းချမ်းမှုအတွက် မေတ္တာတရားများ မွေးမြူရန်လိုအပ်မှုနှင့် ကျန်းမာသောခန္ဓာကိုယ်ကို ပိုင်ဆိုင်ရရှိနိုင်စေသော ရှုမှတ်မှုကျင့်စဉ်များနှင့်စပ်လျဉ်းသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက်ဂုရုကြီးအား အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူတို့က ဂါရဝပြုပန်းစည်းများ ပေးအပ်သည်။

ယင်းနောက် ဂုရုကြီးက စိတ်ပိုင်းဆိုင်ရာ စွမ်းအင်ကြီးမားမှု ဘဝတွင်ကြုံတွေ့ရသော အခက်အခဲများကို စိတ်ဖြင့်ထိန်းချုပ်၍ အောင်မြင်စွာကျော်ဖြတ်နိုင်မှု၊ တရားထိုင်ခြင်းဆိုင်ရာများ၊ ငြိမ်းချမ်းမှုကိုရရှိစေရန် စိတ်နှလုံးတည်ငြိမ်အေးချမ်းမှုကို စတင်မွေးမြူပျိုးထောင်ပေးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများနှင့်အတူ တရားထိုင်မှုကျင့်စဉ်ကို လက်တွေ့ပြသကာ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ရှင်းလင်းဖြေကြားသည်။



မွန်းလွဲပိုင်းတွင် ဂုရုကြီး Sri Sri Ravi Shankar သည် အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည့် တရားကျင့်စဉ်နှင့်အသိဉာဏ်ပွင့်လင်းမှုဆိုင်ရာအခမ်းအနားသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ နီပေါသံအမတ်ကြီး H.E.Mr. Harishchandra Ghimire၊ ကမ္ဘောဒီးယားသံအမတ်ကြီး H.E. CHENG Manith နှင့် သီရိလင်္ကာသံအမတ်ကြီး H.E.Mrs. Prabashini Ponnamperuma တို့နှင့်အတူ ဆီမီးထွန်းညှိပူဇော်သည်။




ထို့နောက် ယောဂကျင့်စဉ် (Yoga) နှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူတို့နှင့်အတူ ယောဂကျင့်စဉ်ကိုပြသကာ "Celebrating Love" မြန်မာဘာသာပြန်စာအုပ်ကို မိတ်ဆက်ပေးသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှအိန္ဒိယရိုးရာအက၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး Art of Living ပရဟိတအဖွဲ့မှ ဂုရုကြီးအား ဂုဏ်ပြုသီချင်းဖြင့် ဂါရဝပြုသည်။

ညပိုင်းတွင် ဂုရုကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအားဖူးမြော်ကြည်ညို၍ ဆီမီး၊ ပန်းနှင့် ရေချမ်းများဆက်ကပ်လှူဒါန်းကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ဂုရုကြီးအား ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ပုံတော်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

(သတင်းစဉ်)

## ၈-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၈၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၈-၂-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | -၂.၃ | ၂၇.၉ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၂.၂ | ၃၆.၀ |
| မိုင်းယန်းမြို့ | ၄.၀ | ၃၉.၂ |
| လွိုင်လင်မြို့ | ၄.၉ | ၄၀.၈ |
| တီးတိန်မြို့ | ၅.၇ | ၄၂.၃ |
| ပြင်ဦးလွင်မြို့ | ၅.၈ | ၄၂.၄ |
| ဟဲဟိုးမြို့ | ၆.၀ | ၄၂.၈ |

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဖူဆယ်ပြိုင်ပွဲကျင်းပလျက်ရှိ

ဟိုပုံး ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ဖူဆယ်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၈ ရက်မှစ၍ မြို့ဦးကွက်သစ်ရပ်ကွက်ရှိ ဖူဆယ်အားကစားကွင်း၌ ကျင်းပလျက်ရှိသည်။



အဆိုပါဖူဆယ်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိပြီး စုစုပေါင်းအသင်း ၁၁ သင်းပါဝင်ယှဉ်ပြိုင်ကြသည်။ ယင်းပြိုင်ပွဲ၌ အုပ်စုအဆင့်တွင် ခုနစ်ပွဲကျင်းပမည်ဖြစ်ပြီး တစ်ပွဲလျှင် တစ်ပိုင်း မိနစ် ၂၀ နှုန်းဖြင့် မိနစ် ၄၀ ကြာမြင့်ကာ အသင်းတစ်သင်းလျှင် အားကစားသမားငါးဦးနှုန်းဖြင့် ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

ဖေဖော်ဝါရီလ ၈ ရက်နှင့် ၉ ရက်တို့တွင် အုပ်စုအဆင့်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကွာတားဖိုင်နယ်အဆင့်၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် ဆီမီးဖိုင်နယ်အဆင့်နှင့် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဗိုလ်လုပွဲကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဖေဖော်ဝါရီလ ၉ ရက်မှ ၁၂ ရက်အထိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဝင်းအတွင်းရှိ ပိုက်ကျော်ခြင်းကွင်း၌ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီလ ၉ ရက်မှ ၁၁ ရက်အထိ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားရှေ့ရှိ ကျောက်တိုင်ကွင်း၌ ဘော်လီဘောအားကစားပြိုင်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က စည်ရှည်တံတားဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

■ **ကျောဖုံးမှအဆက်**

တိုင်းရင်းသားလူငယ်မောင်မယ်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းက စည်ရှည်တံတားတည်ဆောက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က စည်ရှည်တံတားဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးနှင့် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းတို့က စည်ရှည်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စည်ရှည်တံတားအား လှည့်လည်ကြည့်ရှုကြပြီး တိုင်းရင်းသားမောင်မယ်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မန္တလေးနန်းမြို့ရိုးအနောက်ဘက်ရှိ စည်ရှည်တံတားသည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး လက်ထက်၌ မြနန်းစံကျော်ရွှေနန်းတော်

**❖ မန္တလေးနန်းမြို့ရိုးအနောက်ဘက်ရှိ စည်ရှည်တံတားသည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးလက်ထက်၌ မြနန်းစံကျော်ရွှေနန်းတော်နှင့်အတူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကာလအတွင်း စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရ . . .**

**❖ စည်ရှည်တံတားသည် မန္တလေးနန်းမြို့ရိုး၏ အနောက်ဘက်ထွက်ပေါက်ပင်မတံတားတစ်စင်းဖြစ်၊ တံတားအား မူလပုံစံအတိုင်း ရှေးမူမပျက်တည်ဆောက်နိုင်ရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်ဖြင့်တည်ဆောက်ရေးလုပ်ငန်းများကို စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ် . . .**




မန္တလေးနန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါးအနီး ရှေးမူမပျက်အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စည်ရှည်တံတား ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နှင့်အတူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယ ကမ္ဘာစစ်ကာလအတွင်း စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရကြောင်း၊ စည်ရှည်တံတားသည် မန္တလေးနန်းမြို့ရိုး၏အနောက်ဘက် ထွက်ပေါက်ပင်မတံတားတစ်စင်းဖြစ်ကြောင်း၊ တံတားအား မူလပုံစံအတိုင်း ရေးမူမပျက် တည်ဆောက်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင်ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးနန်းတော်ကြီး၏ လေးပြင်လေးရပ်တို့တွင်တစ်ဖက်လျှင်တံခါးပေါက်ကြီး ၃ ပေါက်စီဖြင့် တံခါးပေါက် ၁၂ ပေါက် တည်ဆောက်ထားပြီး ထို ၃ ပေါက်၏ အလယ်တံခါးကို ခေတ်နာမ်များဖြင့် မှည့်ခေါ်ထားခဲ့ကြောင်းနှင့် ယခုကဲ့သို့ အနောက်ဘက်အရပ်ရှိ စည်ရှည်တံတားကြီးကို ပြန်လည်တည်ဆောက်ခြင်းအားဖြင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်ကြီး၏အင်္ဂါရပ်ကို ပြန်လည်၍ပိုမိုပြည့်စုံစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စည်ရှည်တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားမောင်မယ်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ **မန္တလေးနန်းတော်ကြီး၏ လေးပြင်လေးရပ်တို့တွင် တစ်ဖက်လျှင် တံခါးပေါက်ကြီး ၃ ပေါက်စီဖြင့် တံခါးပေါက် ၁၂ ပေါက် တည်ဆောက်ထားပြီး ထို ၃ ပေါက်၏အလယ်တံခါးကို ခေတ်နာမ်များဖြင့် မှည့်ခေါ်ထားခဲ့ကြောင်းနှင့် ယခုကဲ့သို့ အနောက်ဘက်အရပ်ရှိ စည်ရှည်တံတားကြီးကို ပြန်လည်တည်ဆောက်ခြင်းအားဖြင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်ကြီး၏အင်္ဂါရပ်ကို ပြန်လည်၍ ပိုမိုပြည့်စုံစေမည်ဖြစ် . . .**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla ask after the health of Chief Patron Sayadaw of Maha Wizitayon Pariyatti School, Chanayethazan Township, Mandalay and Sayadaw of Maha Gandayon Monastery, attend to their needs, and pay homage to Shwekyeemyin Pagoda





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla pay homage to Buddha images at Shwekyeemyin Pagoda.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla donate offertories, medicines and cash to State Ovadacariya Sayadaw Abhidhija Maha Rattha Guru Abhidhija Maha Saddhamma Jotika Bhaddanta Vicarindabhivamsa.

NAY PYI TAW February 8

Chief Patron of Maha Wizitayon Pariyatti School, Chanayethazan Township, Mandalay Region, State Ovadacariya Sayadaw Abhidhija Maha Rattha Guru Abhidhija Maha Saddhamma Jotika BhaddantaVicarindabhivamsa (age 97, vasa 77) was receiving medical treatment at the Military Hospital in PyinOoLwin. As the Sayadaw has recovered from illness, he is now staying at Maha Wizitayon Pariyatti School. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla and the entourage, paid respects to the Sayadaw this morning.

First, the Senior General and wife and party inquired about the healthcare services provided for the Sayadaw. Officials explained the health condition of the Sayadaw. In response, the Senior General said in providing healthcare for the Sayadaw, constant watch on the health condition of the Sayadaw must be conducted to fulfil the requirements in time. He spoke of the need to constantly care about the personal hygiene of the Sayadaw and to help him to do regular physical exercise. The Senior General also looked into other requirements.

The Senior General and wife donated offertories, medical equipment, bird nest supplements, food and cash to the Sayadaw, and paid respects to him.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer nutritional supplement to Chief Patron of the monastery Abhidhija Maha Rattha Guru Bhaddanta Indobhasabhivamsa.

Afterwards, the Senior General and wife and party arrived at Maha Gandayon

See Page - 19

●● From Page - 18

Monastery in Amarapura Township, south of Mandalay and paid respects to Chief Patron of the monastery Abhidhija Maha Rattha Guru Bhaddanta Indobhasabhivamsa (age 93, Vasa 73). They then asked after the health of the Sayadaw and urged officials to provide healthcare services for the Sayadaw in all seriousness.

The Senior General and wife presented offertories, medical supplies, bird nest supplements, food and cash to the Sayadaw, who in return presented Dhamma gifts to them.

The Senior General and wife and party accepted the Five Precepts, shared the merits gained and paid respects to the Sayadaw.

At Shwekyeemyin Pagoda, the Senior General, wife and party paid homage to Buddha images from all over the country including Anyathihataw Buddha Image, Shwekonoak Buddha Image, Myatheindan Buddha Image, Shwelinpin Buddha Image, and Shwekyeemyin Buddha Image that were revered by the successive ancient dynasties and that were placed in the cave of the pagoda. They offered flowers and water to the Images.

The Senior General and wife presented cash donations for multiple sectors of the pagoda through the chair of the pagoda board of trustees.

The Senior General gave guidance to systematically preserve the Myanmar traditional fine art sculptures in the cave and enforce proper rules for the pilgrims to the cave. He also looked into the requirements.

The Senior General signed the visitors' book of the pagoda, observed the gilding project of the exterior surface of the pagoda and offered flowers, water and lights to the pagoda.

The Senior General visited the religious edifices in the pagoda compound and looked into the requirements of officials.

**100**



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla inquire about health of State Ovadacariya Sayadaw Abhidhija Maha Rattha Guru Abhidhija Maha Saddhamma Jotika Bhaddanta Vicarindabhivamsa.



Senior General Min Aung Hlaing visits the religious edifices at the Shwekyeemyin Pagoda.



Senior General Min Aung Hlaing signs the visitors' book of the Shwekyeemyin Pagoda.

# Budalin Township completes cultivation of more than 6,000 acres of cowpea this cold season

BUDALIN February 8

A total of 6,606 acres of cowpea has been planted in Budalin Township of Sagaing Region this cold season, according to the statistics of Budalin Township Agriculture Department.

In 2024-2025 cold season, authorities earmarked cultivation of 28,630 acres of cowpea in Budalin Township but farmers so far have planted 6,606 acres.

U Phyo Wai, Head of Budalin Township Agriculture Department, commented: "Farmers in Budalin Township have so far planted more than 6,000 acres of cowpea against the target of more than 28,000 acres. We help local farmers meet the target cultivation. They expand sown acreage of cowpea yearly. We cooperate with local farmers to produce cowpea with distribution of quality strains of crops, inputs and post-harvest technology."

Local farmers use Yezin-8 and Yezin-11 strains of cowpeas in the region. Farmers cost more than Ks-300,000 per acre of cowpea.

This cold season, agricultural officials help local farmers use quality strains of crops, inputs and post-harvest technology for boosting per-acre yield. Moreover, farmers are urged to use Trichoderma for their croplands.

Sagaing Region is a largest sown acreage of pulses and beans across the nation. Local farmers grow pulses as mix-crops in other plantations in order to earn increased incomes from their crops.

**SK**

# State Administration Council Vice Chairman Deputy Prime Minister Vice-Senior General Soe Win inspects rehearsal for opening ceremony of Union-level MSME Product Exhibition and Competition

NAY PYI TAW February 8

The rehearsal for the opening ceremony of the Union-level MSME Product Exhibition and Competition was held this morning at the Tabaung grounds of the Uppatasanti Pagoda in Nay Pyi Taw. Chairman of the Work Committee for the Development of Small, Medium, and Large Enterprises Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win attended and inspected the event.

The ceremony was attended by Union Ministers, the Chairman of the Nay Pyi Taw Council, the Commander of the Nay Pyi Taw Command, Deputy Ministers who are chairpersons of Sub-Committees, Agency chairpersons from the Nay Pyi Taw Council, regions and states, responsible officials from various organizations, exhibition in-charges, department heads, traditional cultural dance troupes, and other responsible personnel.

First, Vice-Senior General Soe Win observed and inspected the rehearsal for the opening ceremony of the MSME Product Exhibition and Competition, following the planned program.

Afterwards, the Vice-Senior General and party visited various exhibition halls, including ministry exhibition halls, region/state exhibition halls, the Digital Corner technology exhibition, the MSME-linked business exhibition, and the Business Matching Hall. At the Business Matching Hall, commercial attachés from Myanmar embassies abroad and domestic entrepreneurs seeking to export their products were facilitated to connect and collaborate. Additionally, they visited the demonstration hall of the Ministry of Information, which provides advertising production services for entrepreneurs, as well as exhibitions of foreign machinery and products, small-scale industries and handicrafts, and cooperative product displays. They reviewed the comprehensive arrangements of each exhibition and provided necessary guidance, coordinating with responsible officials to address requirements.



Vice-Senior General Soe Win inspects preparations at an exhibition hall of the Union-level MSME Product Exhibition and Competition.

The Union-level MSME Product Exhibition and Competition will be held at the Tabaung grounds of the Uppatasanti Pagoda in Nay Pyi Taw from February 10 to 14. The event will feature a total of 96 exhibition halls, including ministry exhibition halls, region/state exhibition halls, traditional ethnic food stalls, business-to-business (B2B) networking, technology exhibitions, foreign machinery and product exhibitions, small-scale industries and handicrafts, and cooperative product displays. The exhibition will be lively and vibrant, offering a wide range of products for sale. In the product competitions, a total of 31 categories of awards will be presented, including Digital Trophies, certificates of honor, and cash prizes. Cash prizes will be awarded through a Digital Payment System, allowing winners to instantly withdraw the funds via E Banking.

**100**

# Ayadaw Township grows over 1,000 acres of winter sunflowers

AYADAW February 8

A total of 1,180 acres of sunflowers have been planted at the time of winter crops planting season in Ayadaw Township, Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa District.

During the 2024-2025 winter crops planting season, 2,725 acres of winter sunflowers are planned to be planted in Ayadaw Township, and since October this year, 1,180 acres have been planted.

"We are working to reach the target area. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oilseed crop," said Daw San San Myint, head of the Department of Agriculture for Monywa District.

It is reported that the Department of Agriculture of the township is speeding up the educational courses in order to expand the cultivation of sunflower in Ayadaw Township.

**SK**

# Katha Township completes cultivation of cold season sesame

KATHA February 8

Based on data of the Katha Township Department of Agriculture, a total of 20,637 acres of winter sesame has been planted in Katha Township of Sagaing Region.

Local authorities earmarked cultivation of 25,050 acres of winter sesame in the township in 2024-2025 cold season but farmers have so far planted 20,637 acres of crop against the target.

U Ko Lay, Head of Katha Township Department of Agriculture commented: "Local farmers have so far planted more than 20,600 acres of winter sesame against the target of more than 25,000 acres. Township officials help local farmers meet the target cultivation. Their sown acreage of sesame is on the increase."

This year, officials of Township Agriculture Department raise farmer awareness for expansion of sown acreage of sesame, use of agricultural techniques and GAP system, and use of quality strains of crops to boost per-acre yield of crops.

The crops planted in GAP system produce more quality crops than other crops grown as usual. Moreover, the crops planted in GAP system can fetch higher prices in the domestic and international markets. Hence, growers can earn increased incomes.

**SK**

# Taze Township cultivates over 1,800 acres of winter seed corn and millets

TAZE February 8

A total of 1,844 acres seed corn and millets are planted in Taze Township, YeU District, Sagaing Region, during this year winter crops planting season, according to the statistics from the Department of Agriculture for YeU District.

During the 2024-2025 winter crops planting season, a total of 320 acres of seed corn and 1,529 acres of millets, totaling 1,849 acres, are planned to be planted in Taze Township, and since October of this year, they have planted 315 acres of seed corn and 1,529 acres of millets, totaling 1,844 acres of seed corn and maize.

"We are working to reach the target area. We are providing awareness for the success of corn, and to prevent the spread of the disease," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

In Taze Township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is Ks-500,000.

**SMK**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends opening ceremony of Hseshe Bridge reconstructed in its original style near Hseshe Gate at western wall of Mandalay Palace

NAY PYI TAW February 8

The opening ceremony of Hseshe Bridge reconstructed in its original style near Hseshe Gate at the western wall of the Mandalay Palace was held this morning and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony and inaugurated the bridge.

Also present at the ceremony together with the Senior General were his wife Daw Kyu Kyu Hla, Joint Secretary General Ye Win Oo and members of the SAC and their wives, union ministers and their wives, the chief minister of Mandalay Region, senior military officers from the Office of the Commander-in-Chief and their wives, the commander of the Central Command, members of Mandalay Region Government and departmental officials, national race youths and local residents.

First, Development Affair Minister of Mandalay Region Government, Chairman of Mandalay City Development Committee Mayor U Kyaw San reported to the Senior General on reconstruction of the bridge.

Then, Chief Minister of Mandalay Region U Myo Aung presented a commemorative gift of the opening ceremony to the Senior General.

Afterward, Union Minister for Religious Affairs U Tin Oo Lwin, Mandalay Region Chief Minister U Myo Aung, Lt-General Ko Ko Oo of the Office of the Commander-in-Chief, Director of Military Engineers Maj-Gen Zaw Naing Oo and Mandalay Mayor U Kyaw San formally opened the bridge.



Senior General Min Aung Hlaing sprinkles scented water on stone plaque of Hseshe bridge.



Union Minister for Religious Affairs U Tin Oo Lwin, Mandalay Region Chief Minister U Myo Aung, Lt-General Ko Ko Oo of the Office of the Commander-in-Chief, Director of Military Engineers Maj-Gen Zaw Naing Oo and Mandalay Mayor U Kyaw San formally open Hseshe bridge.

Afterward, the Senior General unveiled the stone plaque of the bridge by pressing a button and sprinkled scented water on it.

Then, the Senior General and wife and attendees viewed around the bridge and the Senior General and wife cordially greeted national race youths and local residents.

Afterward, the Senior General and wife posed for documentary photographs together with attendees.

The bridge, together with the Mya Nan San Kyaw Palace, was constructed in 1221 ME during the reign of King Mindon but was damaged by fighting during WW-II. The bridge is a main bridge at the western wall of the palace. Under the instructions to reconstruct in its original style and to maintain its durability given by the Senior General, Directorate of Military Engineers started constructing the bridge in August, 2024 and was opened successfully today. The Mandalay Palace was constructed with three main gates each on four sides of the palace wall and there are 12 gates in total. The middle gates of the palace walls were named according to their own Zodiac signs. By reconstructing the bridge at the western wall, the Mya Nan San Kyaw Golden Palace, which represents national cultural heritage, will be able to retain its original features. **100**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## လူငယ်နှင့်ကြီးပွားရေး

# ကြော်ငြာ

ပီမိုးနင်း

### ကြော်ငြာစာရွက်ကမ်းခြင်း

ကြော်ငြာခြင်းသည် ရောင်းဝယ်ခြင်း၏အသက်ဖြစ်သည်ဟုပြောကြသဖြင့် အချို့သောသူများမှာ ကြော်ငြာလျှင်ပြီးသည်ဟုမှတ်ထင်ကာ ကြော်ငြာအတွက် စရိတ်များစွာအကုန်အကျခံကြလေသည်။ ကြော်ငြာခြင်းမှာ နည်းစနစ်မကျ၊ အခါကာလမသင့်က ကုန်ကျခြင်း၊ ကြော်ငြာကြောင့် အကျိုးယုတ်ခြင်းဖြစ်တတ်လေသည်။

ကြော်ငြာစက္ကူ ဟင်းဘီလ်များကို ပေးကမ်းခြင်းသည်အများအားဖြင့်အကျိုးရှိတတ်ပေသည်။ ခရီးသွားလာရာ၌ သူ၏စိတ်သည် အခြားရည်ရွယ်ချက်တစ်ခုခုမှာပင် စိတ်ဝင်စား၍နေတတ်လေရာ ထိုကြော်ငြာစာရွက်များကို ဂရုမစိုက်ဘဲနေတတ်သည်။

လူများတိုင်း ကြော်ငြာကမ်းရသည်မဟုတ်ပေ။ ညဥ့်အခါ တန်ဆောင်တိုင်ဘုရားပွဲများ၌ ကြော်ငြာကမ်းလျှင်ဘူးသီးငါးပေါင်းကြော်ထုပ်ရန်လည်းကောင်း၊ ထိုင်ရာ၌လည်းကောင်း အသုံးပြုဖို့ဖြစ်တတ်လေသည်။

မြင်းပွဲ၊ ဘောလုံးပွဲသွားသူများအား ကြော်ငြာစာရွက်များ ကမ်းလှမ်းခြင်းသည် ထိုင်သောနေရာ၌ လုံချည်ကို မညစ်ပေအောင် ခင်းဖို့ပေးသည်နှင့် တူတတ်လေသည်။ ၎င်းတို့၏စိတ်မှာ ဘောပွဲ၊ မြင်းပွဲ၊ ရှုံးဝါးတစ်ထဲကို ရောက်နေတတ်လေသည်။

ထိုကြော်ငြာစာရွက်များမှာ စာတွေကို ပြွတ်သိပ်အောင်နှိပ်ထားချေက သာ၍ပင် အကျိုးမဲ့ဖြစ်တတ်လေသည်။ လူသည် စာဖတ်ခြင်းကို ကွမ်းဆေးလိုနှစ်သက်လိုလားလေ့ မရှိကြပေ။ သို့ဖြစ်လေရာ ပြောလိုသောအချက်အလက်ကို ထင်ရှားသောစာလုံးအနည်းငယ်မျှနှင့် ဖော်ပြအပ်လေသည်။

လူများထံသို့ ကတ်တလောက်များကို အလွတ်မဲ့ပို့ခြင်းသည်လည်း များစွာအကျိုးမရှိ၊ ကတ်တလောက်မှာသူ၊ ပစ္စည်းဝယ်သူများကိုသာ ပေးအပ်လေသည်။

လူ၏စိတ်သည်ဤအချက်များ၌ များစွာထူးခြား၏။ မိမိထံ အလိုလိုရောက်၍လာသော ကတ်တလောက်ကြော်ငြာများကို ဖတ်ကောင်းသည်ဟူ၍မှ မထင်ကြပေ။ ထိုအချက်များကို ကြော်ငြာသမားများသတိပြုအပ်လှပေသည်။

ကြော်ငြာကို အချို့လူများက ကျော်အောင်ညာသည်ဟူ၍ပင် ပြောတတ်ကြလေသည်။ ဤစကားသည် အချို့ကြော်ငြာ၌ မှန်ကောင်းမှန်ပေလိမ့်မည်။ အကြောင်းမူကား ဆေးကြော်ငြာတစ်ခုကိုတွေ့ရာ(၉၆) ပါးရောဂါဟူသမျှ မပျောက်သည် မရှိစေရ။ အားလုံးပျောက်ကြောင်းကို ကြော်ငြာစာ၌ ရေးထားလေသည်။ ဤသို့ရေးခြင်းကို ဖတ်ရသောသူတို့၏စိတ်တွင် "ကြွားလွန်းသည်"ဟူ၍ မှတ်ထင်သွားတတ်လေသည်။

ဤသို့ အထင်ခံရသောကြော်ငြာမျိုးသည် "ပိုးသာကုန်၍မောင်ပုံစောင်းမတတ်"ဟူသကဲ့သို့ ကြော်ငြာခစာရွက်ရိုက်ခတွေသာကုန်၍ အရာတွင်မည်မဟုတ်ပေ။

ကြော်ငြာသောနေရာတွင် လူတို့၏စိတ်၌ အထင်လည်း ကြီးစေရမည်။ ဟုတ်လည်း ဟုတ်မှန်ရမည်။ ယုတ္တိလည်း ရှိရမည်။ သို့မှသာ ကြော်ငြာဖတ်သူတို့၏စိတ်ထဲ၌ စွဲ၍ယုံကြည်ခြင်းဖြစ်ပေလိမ့်မည်။ ယုံကြည်ခြင်းဖြစ်မှသာလျှင် အရောင်းအဝယ် တွင်ကျယ်ပေလိမ့်မည်။

အချို့ကြော်ငြာများမှာ လိုရင်းမရောက် ရှည်လျားပြီးလျှင် ဖတ်သူ၏စိတ်၌ ဝေဝါး၍ သွားတတ်လေသည်။

### ကြော်ငြာနှင့်ဂုဏ်

ကြော်ငြာမှာ ဖတ်သူများ ယုံကြည်ဖို့လိုလေသည်။ ယုံကြည်အောင်ရေးခြင်းသည် ကြွားဝါခြင်းနှင့် ဖီလာဖြစ်လေသည်။ ကြွားဝါအားကြီးလျှင် မည်သူမဆို မယုံကြည်တတ်ကြပေ။ သို့ဖြစ်လေရာ တည်တည်ကြည်ကြည် ခံ့ခံ့ညားညား ဖတ်၍လည်းရှင်းလင်းလွယ်ကူအောင်ရေးရလေသည်။ မကြွားဘဲ ယုံကြည်အောင်ရေးဖို့အတတ်ကို တတ်ဖို့လိုလေသည်။

အချို့လည်း အပြောင်အပျက်များနှင့် ဖတ်သူတို့၏စိတ်ကိုစွဲအောင် ကြံစည်တတ်လေသည်။ အပြောင်အပျက်ကာတွန်းများသည် မြင်လွယ်၍ ဖတ်သူပျော်သော်လည်းကုန်ပစ္စည်းများ၏ဂုဏ်ကိုထိခိုက်တတ်လေသည်။ အထူးသဖြင့် ဆေးများကို ကြော်ငြာရာ၌ ရုပ်ပြောင်များကိုမသုံးအပ်။ စော်ကားခြင်း၊ ပျက်ချော်ပြုခြင်းကို သတိပြုအပ်ပေသည်။

ရုပ်ပြောင်များသည် ဖတ်သူများ မြင်လွယ်သိလွယ်သည်ကားမှန်၏။ သို့သော်လည်း မယုံကြည်လျှင် အကျိုးမရှိပေ။

ရုပ်ကွက်ကောင်းကောင်းမှာ တိုက်ဆိုင်ကြီးကို အတည်တကျဖွင့်လျက် အများဆိုင်များနှင့်မတူ နေ့ညဥ့် အချိန်မရွေး မော်တော်ကားများကို ခတ်မီးထွန်း၍ ကြော်ငြာခြင်းမျိုးသည် အခြားလူများ၏စိတ်၌ မသင်္ကာဖွယ်ရာဖြစ်စေတတ်လေသည်။ ဤဆိုင်ပျက်ခါနီးသောကြောင့် အသက်ကိုလု၍ ကြော်ငြာနေခြင်းလား။ မကောင်းသောကုန်ပစ္စည်းတွေကို အချောင်ထုတ်ဖို့ ကြော်ငြာခြင်းပေလား။ မဟုတ်တာတွေကိုလုပ်မလားစသည်ဖြင့် တွေးတတ်ကြလေသည်။

လွန်ခဲ့သော ဆယ်နှစ်လောက်က မြန်မာတိုက်ဆိုင်ကြီးတစ်ခုသည် ထိုနည်းမျိုးဖြင့် ကြော်ငြာခဲ့ရာ စာရေးသူ၏စိတ်၌ ရိုးဂိုက်တဝေး စသည့် တိုက်ဆိုင်ကြီးများမှာ ဤကဲ့သို့ မကြော်ငြာ၊ လွန်စွာဣန္ဒြေရကြပေသည်။ ဤဆိုင်ကား ကြော်ငြာအားကြီးသည်မှာ ဣန္ဒြေမရ၊ ဆိုင်၏ဂုဏ်ကို ထိခိုက်အောင်လုပ်၍နေသည်။ အခြေမလှတူးဟု တွေးမိ၏။ သို့တွေးမိသည့်အတိုင်းလည်း ဖြစ်ခဲ့လေသည်။ အကြောင်းမူကား ထိုကဲ့သို့ ကြော်ငြာပြီးနောက် ခြောက်လလောက်ကြာသောအခါ ထိုဆိုင်ကြီးမှာ အဘယ်ပုံဖြစ်ပျက်၍နေသည်ဟူသောအကြောင်းများကို ကြားရလေသည်။

ကလေးကစားစရာများကဲ့သို့သော ပစ္စည်းများမှာ ပြက်ရယ်ပြု၍ ကြော်ငြာခြင်းကြောင့် ဂုဏ်မပျက်။ ကလေးများမှာ သာ၍မက်တတ်လေသည်။

ဆေးဆိုင်ကြီးတစ်ခုသည်လည်း အမြဲကြော်ငြာစာရယ်ရွှင်ဖွယ်များကို လုပ်၏။ အခြားနည်းဖြင့် တည်တည်ကြီးကြော်ငြာလျှင် ယခုကြော်ငြာနည်းထက်ပိုမိုအကျိုးရှိနိုင်လေသည်။

အိမ်ထောင်ပစ္စည်းဆိုင်ကြီးတစ်ခုလည်း ထိုနည်းမျိုးကိုအသုံးပြု၏။ ထိုကဲ့သို့ ကြော်ငြာမည့်အစား မြင်လျှင်မက်လောက်သောရုပ်ပုံများကို ပြ၍သော်လည်းကောင်း၊ ဝယ်ခြမ်းသောလူကုံထံများနာမည်များကိုဖော်ပြ၍သော်လည်းကောင်းကြော်ငြာလျှင် ယခုထက်ပိုမို၍ တွင်ကျယ်နိုင်လေသည်။

လူသည် ဂုဏ်ကိုအထူးလိုလား၏။ ဂုဏ်သရေရှိသူများဝယ်သောပစ္စည်းများကိုမှ ဝယ်ချင်ကြသော ဓမ္မတာတရားကြီးကို အထူးသတိထားရပေမည်ဖြစ်ကြောင်း။

**ဆရာကြီး ပီမိုးနင်း၏ "ကုန်သည်အိတ်ဆောင်" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**



---

## (၃၈) ဖြာ မင်္ဂလာ

# ပျော်မွေ့နိုင်ပါစေ (အတ္တသမ္မာပဏိဓိ စ)




သည့်နေ့ ကျောင်းပိတ်သည်။

ဝါတွင်းဥပုသ်နေ့ဖြစ်သောကြောင့် ဖေဖေနှင့်မေမေက ဝကန်ကျောင်းသို့သွားပြီး ဥပုသ်ယူသည်။ စိုးသူက ဖေဖေနှင့်မေမေကို ခွင့်တောင်း၍ ဘုရားမာဘုရားသို့ ထွက်ခဲ့သည်။ ဘုရားမာဘုရားအနီးရှိ ဘုန်းကြီးကျောင်းတွင် စိုးသူတို့အတန်းထဲမှ တင်ခရှိသည်။

ဝကန်ကျေးရွာနားအရောက်တွင် ပိုင်စိုးနှင့်တွေ့သည်။ ပိုင်စိုးက တင်ခထံ သူလည်းလိုက်လည်လိုသည်ဆို၍ နှစ်ဦးသား အတူ ထွက်လာကြသည်။

ဘုရားမာဘုရားတွင် လူအစိတ်ခန့်ကို မြင်တွေ့ရသည်။

"ကျောင်းကုန်းပေါ်မှာ ဆောက်ထားတဲ့ သင်တန်းကျောင်းက ဆရာတွေတဲ့ကွ"တင်ခကစိုးသူနှင့်ပိုင်စိုးတို့ကို ရှင်းပြသည်။ ကျောင်းကုန်းပေါ်မှာ ဆောက်ထားသော ကျောင်းကို စိုးသူသိသည်။ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်) ဖြစ်သည်။ ထိုကျောင်းတွင် ဘွဲ့ရပြီးပြီးသော အစ်ကိုအစ်မတွေ ပညာသင်ကြားနေသည်ကိုလည်း စိုးသူသိသည်။

"ဟာ. . .စိုးသူလေး၊ ကျောင်းမတက်ဘူးလား"

သင်တန်းကျောင်းမှ စိုးသူနှင့်ရင်းနှီးသော ဆရာဦးသန်းဇော်ဦးက နှုတ်ဆက်လာသည်။

"ဒီနေ့ ဥပုသ်နေ့ဦးဦး"

"ဩော်. . .ဝါတွင်းဥပုသ်နေ့ဆိုတော့ ကျောင်းပိတ်တာကိုး၊ ပိုင်စိုးလည်းပါတယ်၊ ပိုင်စိုးလေးကျောင်းပြေးလို့ အရိုက်ခံရသေးလား"

ဦးသန်းဇော်ဦးအမေးကို ပိုင်စိုးက ခေါင်းခါပြသည်။

"ဒီဦးဦးတွေက ဆရာတွေဆို၊ ဟုတ်လား ဦးဦး"

ပိုင်စိုးက လူအုပ်စုကို လက်ညှိုးညွှန်ပြရင်း မေးလိုက်သည်။

ဦးသန်းဇော်ဦးက"ဟုတ်တယ်ကွ ဆရာတွေပဲ၊ ညွှန်ကြားရေးမှူးတွေ ပါမောက္ခတွေလည်းပါတယ်။ သူတို့အားလုံးဦးဦးတို့ကျောင်းမှာ ရှေးဟောင်းသုတေသနအရာရှိမွမ်းမံသင်တန်းကို လာတက်နေကြတာ"

"အရာရှိကြီးတွေဟုတ်လား ဦးဦး၊ သူတို့လည်း ကျောင်းတက်နေရတာပဲလား"

ပိုင်စိုးက ထပ်မေးပြန်သည်။ ဦးသန်းဇော်ဦးက "ပညာလို အိုသည်မရှိတဲ့ ပိုင်စိုးလေးရဲ့၊ ပညာဆိုတာ ဘယ်အရွယ်ရောက်ရောက် လေ့လာ၊ ဆည်းပူး၊ သင်ယူနေတာ အကောင်းဆုံးပေါ့ကွာ၊ ကဲ ဦးဦးသွားဦးမယ်၊ ဆရာတွေကို တူးဖော်ကုန်းတွေ လိုက်ပြရဦးမယ်"ဦးသန်းဇော်ဦးက နှုတ်ဆက်ပြီး ဘုရားမာဘုရားသို့ ထွက်သွားသည်။

"ငါကြီးလာရင် အဲဒီလိုအရာရှိကြီးတွေ ဆရာကြီးတွေဖြစ်ချင်တယ်ကွာ"ပိုင်စိုးက ဘုရားမာရင်ပြင်မှာ ထိုင်ပြီး ပြောလာသည်။

**"အဲဒါဆိုမင်းစာကြိုးစားပေါ့ကွာ၊ ကျောင်းမပြေးနဲ့ပေါ့"တင်ခက ပိုင်စိုးကို ပြောလိုက်သည်။ စိုးသူကလည်း"ဟုတ်တယ်၊ မင်းစာကြိုးစားရင် ဖြစ်နိုင်တယ်"ဟုအားပေးလိုက်သည်။ တင်ခက ဆက်၍-**

"မှန်ကြည့်သလိုပဲပေါ့ကွာ၊ မင်းဝတ်စားထားတာ အချိုးကျရင် မှန်ထဲမှာ လှနေမယ်၊ အချိုးမကျရင် မှန်ထဲမှာ မလှဘူးပေါ့၊ မလှရင် လှအောင်မင်းပြုပြင်လာမယ်၊ အဲဒါဘာလဲဆိုတော့ မင်းရဲ့ အသိကြောင့်၊ ဆင်ခြင်တိုင်းထွာလိုက်နိုင်တဲ့ မင်းရဲ့ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးက ဖြစ်ပေါ်လာတဲ့ ဆင်ခြင်မှုကြောင့်ပေါ့"

ပိုင်စိုးက ငြိမ်နေသည်။ ခဏကြာမှ-

"မနက်ဖြန်ကစပြီးငါကျောင်းမှန်မှန်တက်မယ်၊ စာလည်းကြိုးစားမယ်၊ တစ်နေ့ထွန်းပေါက်ရမယ်"ဟု အားရဝမ်းသာပြောလာလေသည်။ ပိုင်စိုးစကားကြောင့် စိုးသူရော တင်ခပါ ဝမ်းသာသွားကြသည်။

စာပေမသင်ကြားလိုသော ပိုင်စိုးသည် စိတ်ကိုပြောင်းလဲ၍ စာထဲ၌ ပျော်မွေ့နိုင်ပါစေဟု ဘုရားမာဘုရား၌ စိုးသူ ဆုတောင်းမိပါတော့သည်။

ကိုဇော်ဌေး(ယဉ်ကျေးမှု)

# ကင်ဂျုံအွန်နှင့် ဆက်ဆံရေး ပြန်လည်တည်ထောင်ရန် ဆန္ဒရှိဟု ဒေါ်နယ်ထရမ့်ပြော



ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်အစိုးရအနေဖြင့် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအွန်နှင့်ဆက်ဆံရေး ပြန်လည်တည်ထောင်ရန် ဆန္ဒရှိသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်ကြောင်း သိရသည်။

နိုင်ငံများအကြား ဆက်ဆံရေးတွင် သံခင်းတမန်ခင်းသည် အရေးပါသောကြောင့် အမေရိကန်က မြောက်ကိုရီးယားနိုင်ငံနှင့်သာမက ယင်းနိုင်ငံခေါင်းဆောင်နှင့်ဆက်ဆံရေးကို ပြန်လည်တည်ထောင်သွားမည်ဖြစ်ကြောင်း ထရမ့်က ဖေဖော်ဝါရီလ ၇ ရက်တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့် ယခင်အတိတ်ကာလဆက်ဆံရေးသည် ကောင်းမွန်ခဲ့ပြီး မိမိတို့နှစ်ဦးကြား ကောင်းမွန်သောဆက်ဆံမှုရှိခဲ့ကြောင်း၊ ခေါင်းဆောင်ကင်နှင့် ရင်းနှီးသောဆက်ဆံရေးတည်ဆောက်နိုင်ခြင်းသည် ကမ္ဘာ့တည်ငြိမ်ရေးအတွက် အထောက်အကူဖြစ်စေခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မြောက်ကိုရီးယားနှင့် သံတမန်ဆက်ဆံရေး ပြန်လည်စတင်ရန်ကြိုးပမ်းခဲ့ခြင်းသည် ထရမ့်၏ ပထမသမ္မတသက်တမ်းအတွင်း အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒတွင် ထူးခြားသည့် ပြောင်းလဲမှုတစ်ရပ်ဖြစ်လာခဲ့သည်။

ထရမ့်နှင့် ခေါင်းဆောင်ကင်တို့ကြား ပထမဆုံး သောထိပ်သီးဆွေးနွေးပွဲကို စင်ကာပူနိုင်ငံ၌ ၂၀၁၈ ခုနှစ်အတွင်း ကျင်းပနိုင်ခဲ့သော်လည်း သဘောတူညီချက်တစ်ရပ်ချမှတ်နိုင်ခဲ့ခြင်းမရှိဘဲ အဆုံးသတ်ခဲ့ရကြောင်းသိရသည်။

Ref: RT

# နိုင်ငံတကာသတင်းတိုကဏ္ဍ

## ဟားမက်အဖွဲ့က ဓားစာခံ ၃ ဦးကို အစ္စရေးနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေး

ပါလက်စတိုင်းမှ ဟားမက်အဖွဲ့သည် ၎င်းတို့ဖမ်းဆီးထိန်းသိမ်းထားသည့် ဓားစာခံ ၃ ဦးကို အစ္စရေးနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း အစ္စရေးတပ်မတော်က ဖေဖော်ဝါရီလ ၈ ရက်တွင် ထုတ်ပြန်သည်။

ဓားစာခံများသည် ဟားမက်အဖွဲ့က ပြန်လည်လွှဲပြောင်းပေးပြီးနောက် အစ္စရေးပြည်တွင်းလုံခြုံရေးတပ်ဖွဲ့နှင့် အစ္စရေးတပ်မတော်တို့တည်ရှိရာ ဂါဇာကမ်းမြောင်ဒေသသို့ ဦးတည်ထွက်ခွာသွားသည်။ ယင်းနောက်တွင် အစ္စရေးတာဝန်ရှိသူများက ၎င်းတို့အား ကျန်းမာရေးစစ်ဆေးမှုများလုပ်ဆောင်ရန် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ခေါ်ဆောင်သွားကြောင်းသိရသည်။

ဟားမက်အဖွဲ့သည် အစ္စရေးနှင့် ချမှတ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများကို ပြန်လွှတ်ပေးခြင်းဖြစ်သည်။

Ref: Izvestia

## အဆက်အသွယ်ပြတ်တောက်ခဲ့သည့် အမေရိကန်လေယာဉ်ပေါ်၌ လိုက်ပါသွားသူ ၁၀ ဦးစလုံးသေဆုံးဟုဆို

အမေရိကန်ပြည်ထောင်စုတွင် အဆက်အသွယ်ပြတ်တောက်ခဲ့သည့်လေယာဉ်ပေါ်၌ လိုက်ပါသွားခဲ့သူ ၁၀ ဦးစလုံး သေဆုံးသွားပြီဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောကြားချက်ကိုကိုးကား၍ မီဒီယာတစ်ခုက ဖေဖော်ဝါရီလ ၈ ရက်တွင် ဖော်ပြသည်။

Bering Air လေကြောင်းလိုင်းပိုင် Caravan 208B grand caravan လေယာဉ်အား ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး လေယာဉ်ပေါ်တွင် လိုက်ပါလာသူအားလုံး သေဆုံးသွားကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင်ဖော်ပြထားသည်။

အဆိုပါလေယာဉ်သည် Unalakleet မြို့မှ Nome မြို့သို့ ဖေဖော်ဝါရီလ ၆ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်က ပျံသန်းနေစဉ် ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်းသိရသည်။

Ref: Izvestia

# တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် မြေပြိုမှုဖြစ်ပွား၊ လူ ၃၀ ကျော် ပျောက်ဆုံးလျက်ရှိပြီး ၂၀၀ ခန့်အား ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရ



ချန်ဒူး၊ သဘာဝဘေး

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် မြေပြိုမှုဖြစ်ပွားခြင်းကြောင့် လူ ၃၀ ကျော်ပျောက်ဆုံးလျက်ရှိပြီး ဒေသခံပြည်သူ ၂၀၀ ခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

မြေပြိုမှုသည် ယီပင်းမြို့ ကျွမ်လျန်ခရိုင်ရှိ ကျင်းပင်းကျေးရွာ၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၀ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြေပြိုမှုအတွင်း လူနေအိမ် ၁၀ လုံးပြိုကျသွားခဲ့ပြီးနောက် အာဏာပိုင်များက သဘာဝကပ်ဘေးဆိုင်ရာ အမြင့်ဆုံးသတိပေးချက်တစ်ရပ်ကို ပြည်နယ်အတွင်း ထုတ်ပြန်ခဲ့ရသည်။

ကယ်ဆယ်ရေးအဖွဲ့များက လူနှစ်ဦးအား မွန်းလွဲပိုင်းတွင် ပြန်လည်ကယ်ဆယ်နိုင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

မြေပြိုမှုဖြစ်ပွားရာဒေသသို့ အာဏာပိုင်အဖွဲ့က ပြည်သူ့လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆေးဝါးကုသရေးနှင့် အခြားအဖွဲ့အစည်းများကို စေလွှတ်ထားကြောင်းသိရသည်။

Ref: Izvestia, Xinhua

# ဂျပန်နိုင်ငံသို့ ဒေါ်လာတစ်ဘီလီယံနီးပါး တန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများရောင်းချမည့် အစီအစဉ်ကိုအတည်ပြုဟု ဒေါ်နယ်ထရမ့်ကြေညာ

ဝါရှင်တန်၊ ကာကွယ်ရေး

အမေရိကန်ပြည်ထောင်စုက ဂျပန်နိုင်ငံသို့ ဒေါ်လာတစ်ဘီလီယံနီးပါးတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများ ရောင်းချမည့် အစီအစဉ်ကို အတည်ပြုလိုက်ပြီဟု သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာခဲ့ကြောင်းသိရသည်။

အမေရိကန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံ၏လုံခြုံရေးကို အပြည့်အဝထောက်ခံလျက်ရှိပြီး ယင်းနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများရောင်းချရန် အတည်ပြုခဲ့ကြောင်း ထရမ့်က ဝါရှင်တန်မြို့၌ ဖေဖော်ဝါရီလ ၇ ရက်တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။

ထို့ပြင် ဂျပန်နိုင်ငံသည် အမေရိကန်ထံမှ စစ်လက်နက်ပစ္စည်း အများဆုံးဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုသည် အာရှ-ပစိဖိတ်ဒေသတည်ငြိမ်ရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း ထရမ့်က ဆက်ပြောသည်။

ဂျပန်နိုင်ငံသည် ၎င်းတို့၏စစ်လက်နက်ပစ္စည်းဝယ်ယူမှုအတွက် ၂၀၂၇ ခုနှစ်တွင် အသုံးစရိတ်ကို နှစ်ဆတိုးမြှင့်အသုံးပြုရန် ကတိကဝတ်ပြုထားကြောင်း သိရသည်။

Ref: Izvestia, BS

# အီတလီ ဂန္ထဝင်တယောပညာရှင် စထရာဒီဗာရီ၏ ၃၁၁ နှစ်သက်တမ်းရှိ တယောအား ဒေါ်လာ ၁၁ ဒသမ ၂၅ သန်းဖြင့်ရောင်းချ

နယူးယောက်၊ ထူးခြားဆန်းပြားမှု





အီတလီနိုင်ငံမှ ဂန္ထဝင်တယောပညာရှင်နှင့် လက်မှုတူရိယာပညာရှင်တစ်ဦးဖြစ်သူ အန်တိုနီယို စထရာဒီဗာရီ၏ သက်တမ်း ၃၁၁ နှစ်ရှိ တယောအား အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ Sotheby's လေလံပွဲ၌ ဒေါ်လာ ၁၁ ဒသမ ၂၅ သန်းဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါတယောအား စထရာဒီဗာရီ၏ ထင်ပေါ်ကျော်ကြားမှု အမြင့်ဆုံးကာလဖြစ်သည့် ၁၇၁၄ ခုနှစ်တွင် ဖန်တီးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၇ ရက်ကကျင်းပသည့် လေလံပွဲ၌ ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတယောအား ဟန်ဂေရီမှ ပြိုင်စံရှားတယောပါရဂူ ဂျိုအာချင်နှင့် ထင်ရှားသည့် တရုတ်တယောပညာရှင် ရှီဟုန်မာတို့အား ဂုဏ်ပြုသောအားဖြင့် ဂျိုအာချင်-မာ-စထရာဒီဗာရီတယောဟု Sotheby's လေလံကုမ္ပဏီက အမည်ပေးထားသည်။

ဂျိုအာချင်နှင့် ရှီဟုန်မာတို့သည် စထရာဒီဗာရီ၏အဆိုပါတယောအား ပိုင်ဆိုင်ခဲ့ကြသည့် ပိုင်ရှင်ဟောင်းများဖြစ်သည်။ နောက်ဆုံးပိုင်ရှင်ဖြစ်သည့် ရှီဟုန်မာသေဆုံးပြီးနောက် ၎င်း၏မိသားစုက ၎င်းတယောအား ဘော့စတွန်မြို့ရှိ နယူးအင်္ဂလန်ဂီတသင်တန်းကျောင်းသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နယူးအင်္ဂလန် ဂီတသင်တန်းကျောင်းအနေဖြင့် ယခုရောင်းချခဲ့သည့်ငွေကြေးများကို ကျောင်းသားများအား ပညာသင်ဆုပေးရန် လိုအပ်သည့်ရန်ပုံငွေအတွက် အသုံးပြုသွားမည်ဟု ကျောင်းဥက္ကဋ္ဌဖြစ်သူ အန်ဒရေ ကာလင်ကပြောကြားခဲ့သည်။ Ref: Izvestia, ST

# ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို နေပြည်တော်စုပေါင်းစက်ဘီးစီးပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်




နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို နေပြည်တော် စုပေါင်းစက်ဘီးစီးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့၌ ကျင်းပသည်။

စက်ဘီးစီးပွဲသို့နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ စက်ဘီးစီးဝါသနာရှင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက သေနတ်ပစ်ဖောက်၍နေပြည်တော်စုပေါင်း စက်ဘီးစီးပွဲကို တာလွှတ်ပေးသည်။

ထို့နောက် နေပြည်တော် စုပေါင်း စက်ဘီးစီးဝါသနာရှင် အားကစားသမား ၂၀၀ ဦးတို့က ၈ ကီလိုမီတာ စက်ဘီးစီးကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့သို့ ပြန်လည်ရောက်ရှိကြရာ စက်ဘီးနှစ်စီး၊ စက်ဘီးစီးဖရိန်တစ်ခုနှင့် စက်ဘီးစီးဝတ်စုံ ၁၁ စုံတို့ကို ကံစမ်းမဲဖောက်ပေးကာ နေပြည်တော်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ကံစမ်းမဲပေါက်သည့် အားကစားသမားများအား ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# “ မိုးကြိုနှမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်မှုများ” ခေါင်းစဉ်ဖြင့် (၆၂)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၈

(၆၂)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုတေသီများနှင့် လယ်ဝေးမြို့နယ်မှ တောင်သူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင် ၂၅၀ ဦးနှင့် တောင်သူဦးရေ ၃၀၀ တို့က အွန်လိုင်းစနစ်ဖြင့် ( Zoom Point ၁၀၀)မှ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများနှင့် မမျှော်မှန်းနိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် သင့်လျော်သည့် စိုက်နည်းစနစ်များအသုံးပြုစိုက်ပျိုးနိုင်ရေးသည် အရေးကြီးကြောင်း၊ ဥပမာအနေဖြင့် ရေကြီးခြင်း၊ ရေလိုအပ်ခြင်းတို့အား ချိန်ညှိနိုင်ရန်အတွက် ပေါင်ကြီးတင်စနစ်အသုံးပြုစိုက်ပျိုးရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် လယ်ကွက်များတွင် ထယ်ရေးမဲ့ စိုက်ပျိုးသည့်စနစ်အား သုတေသနပြုသရုပ်ပြ စိုက်ပျိုးပြသထားရာ မျက်မြင်အဖြေအရ ပဲယဉ်း၊ ပြောင်း၊ နေကြာ၊ ပဲပိစပ်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ပဲယဉ်းသီးနှံက အောင်မြင်မှုအများဆုံးတွေ့ရှိရကြောင်း ပြောကြားသည်။

ထို့နောက်မကွေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးငွေဆန်းက မကွေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် မိုးကြိုနှမ်း(နွေနှမ်း)သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြှင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းချက်များအပေါ် ဒုတိယဝန်ကြီးက သီးနှံရိတ်သိမ်းချိန်အလေအလွင့်နည်းအောင် ရိတ်သိမ်းကြရန်နှင့် သီးနှံများရောင်းချရာတွင် စုပေါင်းရောင်းချသည့် အလေ့အကျင့်ကို ကျင့်သုံးကြရန် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# သမဝါယမကောလိပ် (ဖောင်ကြီး) ၏ ဒီပလိုမာအပ်နှင်းပွဲသို့ ဒုတိယဝန်ကြီး ဦးမြင့်စိုး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမကောလိပ် (ဖောင်ကြီး) ၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ စီးပွားရေးလုပ်ငန်းစာရင်းကိုင်ဒီပလိုမာ (Diploma in Business Accounting)၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုဒီပလိုမာ (Diploma in Marketing Management)၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုဒီပလိုမာ (Diploma in Regional Development)၊ အသုံးချစာရင်းအင်းဒီပလိုမာ (Diploma in Applied Statistics)လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဒီပလိုမာ (Diploma in Social Enterprises Management) လက်မှတ်များအပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဖောင်ကြီးကောလိပ် စုဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သမဝါယမကောလိပ် (ဖောင်ကြီး) ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒီပလိုမာလက်မှတ်ရကျောင်းသား၊ ကျောင်းသူ ၂၇၈ ဦးနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ဒုတိယဝန်ကြီးက အမှာစကားပြောကြားကာ ပညာသင်နှစ်အလိုက် ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများကို ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် သမဝါယမကောလိပ်ကျောင်းအုပ်ကြီး ဦးရဲမြင့်သန်းတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗဟိုသမဝါယမအသင်းက စိုက်ပျိုးမြေ ၅၈ ဧကတွင် ရာသီသီးနှံ ကြက်သွန် ၈ ဧက စိုက်ပျိုးထားရှိမှု၊ နှစ်ရှည်ပင်များစိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာသို့သွားရောက်၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အုတ်ပုံနှင့် အကယ်ကျေးရွာ ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယာယီတည်ဆောက်ပေးထားသော ပေ ၆၀ ဘေလီ တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးက ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့အတွက် ဂုဏ်ပြုငွေများပေးအပ်၍ ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပန်းတောကြီးကျေးရွာတွင်ဖွင့်လှစ်သင်ကြားပေးခဲ့သည့်တစ်လုံးထိုးအင်ဂျင်ပြင်သင်တန်း တက်ရောက်အောင်မြင်ပြီး ကိုယ်ပိုင်လုပ်ငန်းထူထောင်လုပ်ကိုင်ဆောင်ရွက်နေသော ဦးမြင့်မြတ်နှင့် ဦးမင်းကိုတို့၏ ဆိုင်ကယ်ပြင်လုပ်ငန်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြို့နယ်မှတာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးမှူးများ၊ ဆီထွက်သီးနှံ မြေပဲနှင့် နှမ်း စိုက်ပျိုးသည့် တောင်သူများ၊ ထွန်းသစ်စ မျိုးစေ့ထုတ်သမဝါယမအသင်း၏ အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံပြီး လိုအပ်သည်များမှာကြားကာ ထွန်းသစ်စ မျိုးစေ့ထုတ်သမဝါယမအသင်းအတွက် အထွက်တိုး မြေပဲမျိုးများဖြစ်သော မကွေး-၁၆ မြေပဲမျိုးနှင့် ရမည်းသင်းဒေသအခေါ် ကြွေးကျေမျိုး ဆင်းပဒေသာ-၁၁ မြေပဲမျိုး စုစုပေါင်း တင်း ၃၀ နှင့် သိမ်းငှက် သဘာဝမြေဩဇာအိတ် ၆၀ တို့ကို ပေးအပ်ရာ




အသင်းဝင် မြေပဲစိုက်တောင်သူများက လက်ခံရယူကြသည်။

ထို့နောက် ဝေနိမြစ်အနောက်ဘက်ကမ်း ကျေးရွာအုပ်စုများဖြစ်သော ဘိသလွန်၊ ဒေါင့်ကြီး၊ ခြောက်ဆယ်၊ သောင်ဘုတ်နှင့် မဲစလီ ကျေးရွာအုပ်စု ငါးအုပ်စုမှ မြစ်ကမ်းပြို၍ နေအိမ်များရွှေ့ပြောင်းရသော အိမ်ထောင်စု ၁၉ စုတို့အတွက် Hygene Kit များပေးအပ်ပြီး တက်ရောက်လာသူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

(မိုး/ဇလ)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများ၏ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေး ဦးစီးဌာန စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ ကျောင်းများ၏ ကျောင်းပေါင်းစုံအားကစား ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များနှင့် ဆုချီးမြှင့် ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ပျဉ်းမနားစိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း အားကစားကွင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းအုပ်ကြီးများနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။





ဆုချီးမြှင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး အားကစား နည်းအလိုက် ဆုရရှိကြသည့်အသင်းများ၊ အားကစားမောင်မယ်များနှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးဆု၊ ဆောင်းပါးဆုရရှိသူများကို ဒုတိယ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များက ဂုဏ်ပြုဆုများပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆုရဗောလုံးအသင်းနှင့် တံခွန်စိုက်ဆုရရှိသူများ၊ အကောင်းဆုံးကစားသမားဆု ရရှိသူများကို ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်သည်။

နိုင်ငံတစ်ဝန်းရှိစိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံကျောင်းတွင် ပညာသင်ယူလျက်ရှိကြ သည့်ကျောင်းသား၊ကျောင်းသူများအချင်းချင်း ရင်းနှီးချစ်ကြည်မှု ဖော်ဆောင်ပေးရန်နှင့် ထူးချွန်သည့် အားကစားမောင်မယ်များ ထွက်ပေါ်လာပါက နိုင်ငံ့ကိုယ်စားပြု အားကစားသမားများအဖြစ် ဆက်လက် ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်၍ ဖေဖော် ဝါရီလ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည့် အဆိုပါအားကစားပြိုင်ပွဲ များတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း ၁၅ ကျောင်းများမှ ကြီးကြပ်သူ ဆရာ၊ ဆရာမ ၁၆ ဦးနှင့် အားကစားမောင်မယ် ၁၂၇ ဦးတို့ က အားကစားအသင်းလေးသင်းအဖြစ်စုဖွဲ့၍ အားကစားနည်း ၁၀ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ ကြခြင်းဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

# အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ အားကစားကွင်း / ရုံများနှင့် အားကစားလေ့ကျင့်နေမှုများ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

တောင်ကြီး ဖေဖော်ဝါရီ ၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲ ပိုင်းက အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။



ထိုသို့စစ်ဆေးစဉ် သင်တန်းသား၊ သင်တန်းသူများစားသောက်ရန် ချက်ပြုတ် ပြင်ဆင်မှု၊ စတိုခန်းအတွင်းပစ္စည်းများ သိုလှောင်ထိန်းသိမ်းမှု၊ နေ့စဉ် Menu ဇယား ရေးဆွဲ၍ ချက်ပြုတ်ကျွေးမွေးမှုအခြေအနေ များကိုကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထား သောနှုန်းထားအတိုင်း ပြည့်ဝစွာချက်ပြုတ် ကျွေးမွေးရန်၊ ကျန်းမာရေးနှင့်ညီညွတ်စွာ ချက်ပြုတ်ကျွေးမွေးခြင်းရှိ/မရှိအား တာဝန်ခံ ဆရာဝန်နှင့် တာဝန်ရှိသူများက နေ့စဉ် အလှည့်ကျစစ်ဆေး၍ နေ့စဉ်စစ်ဆေးချက် မှတ်တမ်းထားရှိဆောင်ရွက်ရန်မှာကြားပြီး သင်တန်းသား၊ သင်တန်းသူများနှင့်နေ့လယ် စာအတူစားသုံးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်ချုပ်မှုရုံး အစည်းအဝေးခန်းမ ၌ ကျောင်းအုပ်ကြီးနှင့် အားကစားနည်း အလိုက် တာဝန်ခံများအား တွေ့ဆုံအမှာ စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုက်ကွမ်ဒိုအားကစားရုံ၌ တိုက်ကွမ်ဒို အားကစားနည်းနှင့် ဂျူဒိုအားကစားနည်း လေ့ကျင့်နေမှု၊ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းအတွင်း အမျိုးသား၊ အမျိုး သမီး ဘောလုံးအားကစားသမားများနှင့် ပြေးခုန်ပစ်အားကစားသမားများ လေ့ကျင့် နေမှု၊ လက်ဝှေ့အားကစားရုံ၌ လက်ဝှေ့ အားကစားသမားများ လေ့ကျင့်နေမှု၊ လေ့ကျင့်ရေးရေကူးကန်၌ရေကူးအားကစား သမားများလေ့ကျင့်နေမှုတို့အားကြည့်ရှု စစ်ဆေးစဉ်အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းများအလိုက်ပြိုင်ပွဲများကျင်းပရန် ရှိသဖြင့် အားကစားနည်းအလိုက် စံချိန် ကောင်းများရရှိအောင် လေ့ကျင့်ရန်နှင့် ကျောင်းအုပ်ကြီးအပါအဝင် တာဝန်ရှိသူ များအားလုံး အားကစားနည်းများအလိုက် အခြေခံသဘောတရား၊ ဥပဒေသများကို ကိုယ်တိုင်သိရှိနားလည်၍ စံပြနေထိုင် လုပ်ကိုင်ကြရန်မှာကြားခဲ့ကြောင်းနှင့် ၂၀၂၄- ၂၀၂၅ ပညာသင်နှစ်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)၌ အားကစား နည်းခုနစ်နည်း၊ သင်တန်းသား၊ သင်တန်းသူ ၁၅၉ ဦး တက်ရောက်သင်ကြားလျက်ရှိ ကြောင်း သိရသည်။ **(၅၀၀)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် သာကေတမြို့နယ်၌ အလင်္ကာစာကြည့်တိုက်ဖွင့်လှစ်



ရန်ကုန် ဖေဖော်ဝါရီ ၈

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော် မတည်ငွေ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီနှင့် အလှူရှင်များ၏လှူဒါန်းငွေ များဖြင့် အသစ်တည်ဆောက်ပြီးစီးသည့် အလင်္ကာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိအဆိုပါစာကြည့်တိုက် ၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်ဖွင့်ပွဲအခမ်း အနားအား ရန်ကုန်တိုင်းဒေသကြီးစာကြည့် တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ လူမှု ရေးရာဝန်ကြီး ဦးဌေးအောင်၊ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချို၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော် သူနှင့် ၇/အရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရန်နောင်ဌေးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ် ပေးသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့် တာဝန်ရှိသူများသည် စာကြည့်တိုက် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ၏ စာပေ ဖတ်ရှုလေ့လာနေမှုကိုကြည့်ရှုအားပေး၍ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက် ပေးသော အမှတ်(၂)အခြေခံပညာအထက် တန်းကျောင်း ဘင်ခရာအဖွဲ့နှင့်ပန်းဖွား အဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများချီးမြှင့် သည်။

၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စာကြည့်တိုက် အတွက် သုတ/ရသစာအုပ်များအားလှူဒါန်း ရာ အလင်္ကာစာကြည့်တိုက်မှူးကလက်ခံ ရယူသည်။ ဆက်လက်၍ အလှူရှင်များက စာကြည့်တိုက်အတွက် အလှူငွေနှင့် သုတ/ ရသစာအုပ်များလှူဒါန်းရာ တာဝန်ရှိသူများ ကလည်းကောင်း၊ စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များအား စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးကလည်း ကောင်း လက်ခံရယူကြသည်။

ယင်းနောက် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သန်းထိုက်က ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ စာကြည့် တိုက်ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်မှာကြား ကြောင်းနှင့် အလင်္ကာစာကြည့်တိုက်သည် ၇/အရှေ့ရပ်ကွက် သဇင်နီလမ်းတွင်တည်ရှိ ပြီး အလျားပေ ၂၀၊ အနံပေ ၃၀ အကျယ် အဝန်းရှိ Steel Structure အုပ်ညှပ်တစ်ထပ် အဆောက်အအုံအမျိုးအစားဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

# ဝန်ထမ်းအိမ်ရာများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ကြီးဌာနအလိုက် နေထိုင်လျက်ရှိသော ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၅၃၅၀၊ ၅၃၅၁ နှင့် ဥဇ္ဇာသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၃၃၁၂ နှင့် ၃၃၉၉ တို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့်အဖွဲ့သည် ဇေယျသိဒ္ဓိရပ်ကွက် စံပယ်အိမ်ရာ တိုက်အမှတ် ၃၅ နှင့် ဘောဂသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၆၀၃၊ ၇၄၇၊ ၈၂၁ နှင့် ၈၂၂ တို့ကိုလည်းကောင်း အဖွဲ့များခွဲ၍ အိမ်ရာပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ထားမှုအခြေအနေ၊ ရေ၊ မီး သုံးစွဲမှုအခြေအနေများ၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် အိမ်ရာစည်းကမ်းများအတိုင်း နေထိုင်မှုရှိ/မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အိမ်ရာများအလိုက်ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အိမ်ရာများတွင်ပေးပို့ထားသည့် အိမ်ထောင်စုစာရင်းများအပြင် အခက်အခဲတစ်စုံတစ်ရာကြောင့် ဆွေမျိုးသားချင်းများလာရောက်တည်းခိုနေထိုင်လိုပါက တာဝန်ရှိသူများထံ သတင်းပို့တင်ပြ၍ ဧည့်စာရင်းတိုင်ကြားပြီးမှသာ နေထိုင်သွားရန်နှင့် လုံခြုံရေးအသိထားရှိပြီး သတိပြုဂရုစိုက်နေထိုင်သွားရန်လိုကြောင်းပြောကြားခဲ့ပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၀ | ၃၂၇၀ | ၃၂၃၅ | ၃၀၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၁၀ | ၃၂၃၀ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၁၅ | ၃၂၈၀ | ၃၃၀၅ | ၃၅၆၀ | ၄၁၀၀ |
| 95 Ron | ၃၂၂၀ | ၃၃၃၀ | ၃၃၀၀ | ၃၂၃၀ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၀ | ၃၂၉၀ | ၄၅၆၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၁၀ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၃၅ | ၂၈၅၀ | ၂၈၁၅ | ၂၇၅၀ | ၂၈၅၅ | ၂၈၇၀ | ၂၈၉၀ | ၂၈၀၅ | - | ၃၁၀၀ | ၂၈၂၅ | ၂၈၂၅ | ၂၈၉၅ | ၂၈၆၀ | ၂၈၈၀ | ၃၁၄၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၇၀ | ၃၄၈၅ | ၃၄၅၀ | ၃၃၈၅ | ၃၄၉၀ | ၃၅၀၅ | ၃၅၂၅ | ၃၄၄၀ | ၄၈၃၀ | ၃၇၃၅ | ၃၄၆၀ | ၃၄၆၀ | ၃၅၃၀ | ၃၄၉၅ | ၃၅၁၅ | ၃၇၇၅ | - |
| HSD (10 ppm) | ၃၃၇၀ | ၃၄၈၅ | ၃၄၅၀ | ၃၃၈၅ | ၃၄၉၀ | ၃၅၀၅ | ၃၅၂၅ | ၃၄၄၀ | - | ၃၇၃၅ | ၃၄၆၀ | ၃၄၆၀ | ၃၅၃၀ | ၃၄၉၅ | ၃၅၁၅ | ၃၇၇၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၃ | ၃၀၇၆ |
| 95 Ron | ၃၀၄၂ | ၃၁၃၆ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၆ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၈၃ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၈၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။


(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပြည်ကြီးတံခွန်မြို့နယ်တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွရှူးသွပ်ဆေးပြား ၄၆ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိ




**နေပြည်တော် ဖေဖော်ဝါရီ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၁ ရက်နေ့ ညနေ ၅ နာရီခွဲအချိန် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၃ လမ်း၊ ၁၄၂ x ၁၄၃ လမ်းကြားတွင် မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်းသတင်းအရ စောင့်ဆိုင်းနေစဉ် ရောက်ရှိလာသူ ဖော်မင်းနိုင်နှင့် ဇင်ကိုကိုလွင်တို့နှစ်ဦးအား LIGHT TRUCK ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီး၊ ဘိန်းဖြူ ၁၁ ကီလိုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဘိန်းဖြူများ အရောင်းအဝယ်ပြုလုပ်ရာတွင် ၁၀ ရာခိုင်နှုန်း အကျိုးဆောင်ခဖြင့် ပွဲစားပြုလုပ်ပေးသူ မကျော့ကေခိုင်(ခ) နန်းမွေလျှန်းအား ပြည်ကြီးတံခွန်မြို့နယ်၊ ၇၈ လမ်းနှင့် ၁၁၅ လမ်းထောင့်တွင်လည်းကောင်း၊ ပူးပေါင်းပါဝင်သူများဖြစ်သည့် အိုက်စိုင်းအား ၇၂(A)လမ်း၊ ၁၁၇ x ၁၁၈ လမ်းကြားတွင် စိတ်ကြွရှူးသွပ်ဆေးပြား ၂၀၀ ပြားနှင့်လည်းကောင်း၊ ခွန်မြတ်(ခ)နောနော်နှင့် စိုင်းသိန်းမြတ်(ခ)စိုင်းလေးတို့အား ၁၅၁ လမ်း၊ ၇၁(A) လမ်းထောင့်တွင် PRADO မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း အသီးသီးဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့၏ဖော်ထုတ်ချက်အရ ဘိန်းဖြူများ ရောင်းချခိုင်းသူ စိုင်းအိုက်ယုံအား ၁၁၂(B)၊ ၅၀ x ၅၁ လမ်းကြားရှိ နေအိမ်၌ ဘိန်းဆီခဲ ၂၅ ဂရမ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ၆၁ လမ်း၊ ၁၂၄ x ၁၂၅ လမ်းကြားရှိ ဂိုဒေါင်မှ စိတ်ကြွရှူးသွပ်ဆေးပြား ၄၆ ဒသမ ၉၄ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းနေ အိုက်ပေါင်း၏ အစီအမံဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၁ လမ်း၊ ၁၂၄ x ၁၂၅ လမ်းကြားရှိ ဂိုဒေါင်ကိုငှားရမ်း၍ ကိုအောင်အား မူးယစ်ဆေးဝါးများ ထိန်းသိမ်းထားစေကြောင်း၊ စိုင်းမွန်း(ခ) စိုင်းမွန်းလောဝ်နှင့် စိုင်းအိုက်ယုံတို့မှ မကျော့ကေခိုင်(ခ)နန်းမွေလျှန်းအား ပွဲစားခ ၁၀ ရာခိုင်နှုန်းပေး၍ မူးယစ်ဆေးဝါးများ အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အိုက်စိုင်း၊ ခွန်မြတ်(ခ)နောနော်နှင့် စိုင်းသိန်းမြတ်(ခ)စိုင်းလေးတို့သည် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းရငွေများအား အဆင့်ဆင့်လွှဲပြောင်းလက်ခံယူသူများဖြစ်ကြောင်းသိရှိရပြီး စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွရှူးသွပ်ဆေးပြား ၄၆ ဒသမ ၉၄ သိန်းနှင့် ဘိန်းဆီခဲ ၂၅ ဂရမ်တို့ကို မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်သုံးစီး၊ ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ဝင်များအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။


Smart P
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


MWD
မီဒီယာစင်တာ
ရရှိနိုင်သောဝန်ဆောင်မှုများ
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ
အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။
ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား
ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။
Function Hall
Media Training
Theatre
Ball Room
Meeting Room
No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ
European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
Non-Sparkling Lemon Tea
Sparkling Lemon Tea
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ် စပိန်လာလီဂါပွဲစဉ်(၂၃)နှင့် အီတလီစီးရီးအေပွဲစဉ်(၂၄)ပွဲကြိုသုံးသပ်ချက်



## အက်စ်တွန်ဗီလာ Vs စပါး

**ကစားမည့်ရက်/အချိန်**
**(၁၀-၂-၂၀၂၅ နံနက် ၀၀:၂၅နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**စပါး ၄ - ၁ အက်စ်တွန်ဗီလာ**
**အက်စ်တွန်ဗီလာ ၀ - ၄ စပါး**
**စပါး ၁ - ၂ အက်စ်တွန်ဗီလာ**
**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **အက်စ်တွန်ဗီလာ** | **အိမ်(သရေ)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **စပါး** | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(ရှုံး)** |

အက်စ်တွန်ဗီလာအသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲတည်းသာအနိုင်ရရှိခဲ့တယ်ဆိုပေမယ့် ပြီးခဲ့တဲ့ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလမှာ ရက်ရှ်ဖို့ဒ်၊ ဒီဆာဆီ၊ အဆန်စီယိုတို့လို ထိပ်တန်းကစားသမားတွေပါဝင်ကစားဖွယ်ရှိနေလို့ စောင့်ကြည့်စရာကောင်းနေပါတယ်။ အခုပွဲစဉ်က ရှုံးထွက်အဆင့်ပွဲစဉ်ဖြစ်လို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ အက်စ်တွန်ဗီလာအသင်းရဲ့ ဒီဘောလုံးရာသီ လိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၂ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲအနိုင်ရရှိထားပြီး ငါးပွဲသရေရလဒ်နဲ့ တစ်ပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာအနေအထားမှာရှိနေပါတယ်။ တိုက်စစ်ပိုင်းမှာလည်း နဂိုရှိပြီးသားတိုက်စစ်ကစားသမားတွေဖြစ်တဲ့ ဝက်စ်ကင်နဲ့ ရော်ဂျာတို့က ဂိုးသွင်းအားကောင်းနေသလို အသစ်ခေါ်ယူထားတဲ့ ရက်ရှ်ဖို့ဒ်နဲ့ အဆန်စီယိုတို့လည်း ပါဝင်လာနိုင်လို့ တိုက်စစ်ပိုင်းက ပိုမိုအားကောင်းလာမှာ သေချာပါတယ်။ အက်စ်တွန်ဗီလာအသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း (၁၆) သင်းရှုံးထွက်အဆင့်ကို တိုက်ရိုက်တက်ရောက်ထားပြီးဖြစ်လို့ အခုအက်ဖ်အေဖလားပွဲကိုလည်း အာရုံစိုက်မှုအပြည့်နဲ့ ကစားလာပါလိမ့်မယ်။

ဒီဘောလုံးရာသီ နည်းပြပိုစတီနိုကိုဂလူလက်အောက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးတဲ့ စပါးအသင်းက အနီးကပ်ဆုံးကာရာဘောင်းဖလားပွဲစဉ်မှာ လီဗာပူးအသင်းကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ထားလို့ စိတ်ဓာတ်ပိုင်းအရ အဝေးကွင်းမှာ အက်စ်တွန်ဗီလာအသင်းကို ရင်ဆိုင်နိုင်ဖို့ခက်ခဲနေမှာပါ။ စပါးအသင်းရဲ့ လိဂ်အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၂ ပွဲကစားပြီးချိန်မှာ လေးပွဲအနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်နဲ့ ခုနစ်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက ဆိုးရွားနေပါတယ်။ ဒါ့ပြင် စပါးအသင်းခံစစ်ပိုင်းမှာလည်း အဓိက ကစားသမားတွေဒဏ်ရာကြောင့် အနားယူနေခဲ့ရလို့ ရက်ရှ်ဖို့ဒ်၊ ဝက်စ်ကင်နဲ့ ရော်ဂျာတို့ ဦးဆောင်လာမယ့် အက်စ်တွန်ဗီလာအသင်းတိုက်စစ်ပိုင်းကိုတော့ ပွဲပြည့်ထိန်းချုပ်နိုင်ဖို့ လိုအပ်ချက်တွေရှိနေမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ စပါးအသင်းက ၁၉ ကြိမ်အနိုင်ရရှိထားပါတယ်။ အက်စ်တွန်ဗီလာအသင်းက ငါးကြိမ်အနိုင်ရရှိပြီး တစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိ ကစားသမားစုဖွဲ့မှုနဲ့ အိမ်ရှင်အားသာချက်ရှိတဲ့ အက်စ်တွန်ဗီလာအသင်းက အသာစီးမှာရှိနေလို့ အိမ်ရှင်အားသာချက်နဲ့ ကစားလာမယ့် အက်စ်တွန်ဗီလာအသင်းရဲ့ အနိုင်ရလဒ်က သေချာမှာပါ။

ခန့်မှန်းရလဒ် - အက်စ်တွန်ဗီလာ ၃ - ၁ စပါး

## ဆီဗီလာ Vs ဘာစီလိုနာ

**ကစားမည့်ရက်/အချိန်**
**(၁၀-၂-၂၀၂၅ နံနက် ၂:၃၀နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**ဘာစီလိုနာ ၅ - ၁ ဆီဗီလာ**
**ဆီဗီလာ ၁ - ၂ ဘာစီလိုနာ**
**ဘာစီလိုနာ ၁ - ၀ ဆီဗီလာ**
**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **ဆီဗီလာ** | **ဝေး(နိုင်)** | **အိမ်(သရေ)** | **ဝေး(သရေ)** |
| **ဘာစီလိုနာ** | **အိမ်(သရေ)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

ဆီဗီလာအသင်းအတွက် ဘာစီလိုနာအသင်းကို ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်က ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာ အနိုင်ရရှိပြီးနောက်ပိုင်း ပြိုင်ပွဲစုံတွေ့ဆုံမှုတွေမှာ တစ်ကြိမ်မှအနိုင်ရရှိခြင်းမရှိတဲ့အထိ ရှုံးကန်နေရပါတယ်။ ဒါ့ပြင် ဆီဗီလာအသင်းက နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲမှာ ဂီရိုနာအသင်းတစ်သင်းတည်းကိုသာအနိုင်ရရှိပြီး သုံးပွဲသရေရလဒ်နဲ့ တစ်ပွဲရှုံးနိမ့်ထားပြီး ရှုံးကန်နေရပါတယ်။ ဆီဗီလာအသင်းရဲ့ လိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ ၁၁ ပွဲကစားပြီးချိန်မှာ ငါးပွဲအနိုင်ရရှိပြီး သုံးပွဲသရေရလဒ်နဲ့ သုံးပွဲရှုံးနိမ့်ထားလို့ သာမန်အနေအထားမှာပဲရှိနေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် ဆီဗီလာအသင်းရဲ့ လိဂ် ၂၂ ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲအနိုင်ရရှိပြီး ခုနစ်ပွဲသရေရလဒ်နဲ့ ရှစ်ပွဲရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်းက အားရစရာမရှိပါဘူး။

ဘာစီလိုနာအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ လေးပွဲအနိုင်ရရှိထားပြီး တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ကာ ရှုံးပွဲမရှိတဲ့အထိ ပုံစံကောင်းတွေ ပြသနေပါတယ်။ ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းကလည်း ယာမယ်ပြန်လည်ပါဝင်လာပြီးနောက်ပိုင်းမှာ ပိုမိုအားကောင်းလာတာကိုတွေ့ရမှာပါ။ ဘာစီလိုနာအသင်းက ၂၂ ပွဲ ကစားပြီးချိန်မှာ ရမှတ် ၄၅ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် (၃) နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် အမှတ်ပေးဇယားထိပ်ဆုံးက ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လေးမှတ်သာကွာဟတော့လို့ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်လို့ အဝေးကွင်းဆိုပေမယ့် အမှားခံမှာမဟုတ်ပါဘူး။ ဘာစီလိုနာအသင်းအတွက် အခွင့်အရေးရှိနေလို့ ရမှတ်ပြည့်ရရှိအောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ဘာစီလိုနာအသင်းက အကြိမ် ၃၀ အနိုင်ရရှိထားပါတယ်။ ဆီဗီလာအသင်းက လေးကြိမ်အနိုင်ရရှိပြီး ခုနစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းကလည်း အသာစီးမှာရှိနေလို့ ဘာစီလိုနာအသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

ခန့်မှန်းရလဒ် - ဆီဗီလာ ၁ - ၃ လေဗာကူဆင်

## နာပိုလီ Vs အူဒီးနိစ်

**ကစားမည့်ရက်/အချိန်**
**(၁၀-၂-၂၀၂၅ နံနက် ၂:၁၅နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**အူဒီးနိစ် ၁ - ၃ နာပိုလီ**
**အူဒီးနိစ် ၁ - ၁ နာပိုလီ**
**နာပိုလီ ၄ - ၁ အူဒီးနိစ်**
**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **နာပိုလီ** | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |
| **အူဒီးနိစ်** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

နာပိုလီအသင်းအတွက် အဆင့် (၂) နေရာက အင်တာမီလန်အသင်းကို သုံးမှတ်ဖြတ်တောက်ပြီး အမှတ်ပေးဇယားထိပ်ဆုံးကနေ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေလို့ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အတွက်ကတော့ အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိခြေစွမ်းပိုင်းအရလည်း နာပိုလီအသင်းအတွက် အူဒီးနိစ်အသင်းက ပြိုင်ဘက်ကောင်းမဟုတ်သလို အနိုင်ရယူနိုင်ဖို့အတွက်လည်း ခက်ခဲမှာမဟုတ်ပါဘူး။ နာပိုလီအသင်းက ဒီဘောလုံးရာသီ လိဂ်အိမ်ကွင်း ၁၁ ပွဲကစားပြီးချိန်မှာ ကိုးပွဲအနိုင်ရရှိထားပြီး နှစ်ပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းဆိုရင် ရလဒ်ကောင်းတွေပိုင်ဆိုင်ထားလို့ အခုပွဲစဉ်မှာလည်း ရလဒ်ပြတ်သားဖို့ရှိနေပါတယ်။ နာပိုလီအသင်းက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက် လာဇီယိုအသင်းကို ရှုံးနိမ့်ပြီးနောက်ပိုင်း ပြိုင်ပွဲစုံရှစ်ပွဲဆက် ရှုံးပွဲမရှိသေးဘဲ တစ်ပွဲသရေရလဒ်ထွက်ပေါ်ပြီး ခုနစ်ပွဲအနိုင်ရယူနိုင်တဲ့အထိ တည်ငြိမ်နေပါတယ်။

အူဒီးနိစ်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲအနိုင်ရရှိပြီး နှစ်ပွဲရှုံးနဲ့ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ထားတဲ့အထိ ရှုံးကန်နေရပါတယ်။ ဒါ့ပြင် အူဒီးနိစ်အသင်းရဲ့ လိဂ်အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းမှာလည်း ၁၁ ပွဲစားပြီးချိန်မှာ သုံးပွဲအနိုင်ရရှိပြီး သုံးပွဲသရေနဲ့ ငါးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမရှိပါဘူး။ ဒါ့ပြင် အူဒီးနိစ်အသင်းခံစစ်ပိုင်းကလည်း လိဂ် ၂၃ ပွဲကစားပြီးချိန်မှာ ၃၆ ဂိုးပေးထားရတဲ့အထိ ဆိုးရွားနေပြီး ခံစစ်ပိုင်းအဆိုးရွားဆုံးအသင်းဖြစ်နေလို့ အခုပွဲမှာလည်း ရှုံးကန်ရမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ နာပိုလီအသင်းက ၁၉ ကြိမ်အနိုင်ရရှိထားပါတယ်။ အူဒီးနိစ်အသင်းက လေးကြိမ်အနိုင်ရရှိပြီး ရှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ တွေ့ဆုံမှုပိုင်းမှာရော လက်ရှိခြေစွမ်းပိုင်းမှာပါ အသာစီးမှာရှိနေတဲ့ နာပိုလီအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - နာပိုလီ ၁ - ၀ အူဒီးနိစ်

## အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်

ဘလက်ဘန်း - ဝုဗ်
ပလိုင်းမောက် - လီဗာပူး

## စပိန်လာလီဂါပွဲစဉ်(၂၃)

အလာဗက် - ဂီတာဖေး
ဗလင်စီယာ - လီဂါနက်စ်
ဆိုစီဒက် - အက်စ်ပန်ညို

## အီတလီစီးရီးအေပွဲစဉ်(၂၄)

ဗင်နီဇီယာ - ရိုးမား
ကက်ဂလီယာရီ - ပါးမား
လာဇီယို - မွန်ဇာ
လက်ချီ - ဘိုလော့ဂ်နာ

**စည်သူအောင်**



## အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀.၂.၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂.၂.၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနား ကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက် မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက်ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

## MNL ပြိုင်ပွဲတွင် ဇယားထိပ်ပိုင်းမှ ဟံသာဝတီနှင့် ရန်ကုန်ယူနိုက်တက် နိုင်ပွဲပျောက်ဆုံး



ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉) ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ ဇယားထိပ်ပိုင်းမှ ဟံသာဝတီယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲပျောက်ဆုံးခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရောဝတီယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် နှစ်ပွဲဆက်အနိုင်ရလဒ်နှင့်အတူ တန်းဆင်းဇုန်အန္တရာယ်မှ ရုန်းထွက်နိုင်ရန် သေချာသလောက်ရှိသွားသည်။ ဟံသာဝတီအသင်းသည် ပွဲအစ ၃ မိနစ်မှာပင် ဂိုးသမားပြည့်ဖြိုးအောင် အထုတ်ခံရသဖြင့် တစ်ယောက်လျော့သွားပြီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် နှစ်ပွဲဆက် အရေးနိမ့်ခဲ့ခြင်းဖြစ်ပြီး ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန် လက်ကျန်သုံးပွဲတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ဟံသာဝတီအသင်းသည် တစ်ယောက်လျော့ဖြင့် ကစားရသဖြင့် ခြေစွမ်းမကွာသည့်ပွဲတွင် ရုန်းကန်ခဲ့ရသည်။ ဟံသာဝတီအသင်းသည် ဂိုးပြန်ရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ရောဝတီအသင်းအတွက် အနိုင်ဂိုးများကို ၁၀ မိနစ်တွင် ညီညီအောင်နှင့် ၅၁ မိနစ်တွင် ရာဇာအောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရောဝတီ တိုက်စစ်မှူး ရာဇာအောင်ကရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၁၉ ပွဲကစား ရမှတ် ၄၀၊ ရောဝတီယူနိုက်တက်အသင်းက ၁၉ ပွဲကစား ၁၇ မှတ်ရရှိထားသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ညဏ်လင်းထက်၏သွင်းဂိုးဖြင့် ရန်ကုန်ယူနိုက်တက်အသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ၆၄ မိနစ်တွင် အာကာက ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းသဖြင့် တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်ဂိုးသမား ဆန်းဆက်နိုင်ကရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၉ ပွဲကစား ၄၂ မှတ်၊ ရတနာပုံအသင်းက ၁၉ ပွဲကစား ၂၆ မှတ် ရရှိထားသည်။

ဖေဖော်ဝါရီလ ၇ ရက်ကကျင်းပသည့် ပွဲစဉ် (၁၉) ပထမနေ့တွင် မြဝတီအသင်းက Dagon Port အသင်းကို ၄ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၁၉) တတိယနေ့ကို ဖေဖော်ဝါရီလ ၉ ရက်**(ယနေ့)** သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-MNL**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်**(ယနေ့)**(တနင်္ဂနွေနေ့) ည ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC(I) ၌ ခမ်းနားထည်ဝါစွာ စီစဉ်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ ညနေ ၄ နာရီခန့်မှစတင်၍ MRTV-HD၊ MRTV Farmers'၊ MRTV Sports၊ MRTV Parliament၊ MRTV-4 ၊ Channel-7၊ 5 Plus၊ Channel-9၊ MNTV၊ SKY Premier Channel ၊ Fortune Channel၊ Channel K၊ M Entertainment Channel၊ MWD-HD Channel၊ MWD Variety - HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပုဂံ FM၊ Star FM နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Mahar Youtube Channel၊ Htv Facebook နှင့် Hey Play Facebook Page အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

ထိုသို့ MRTV HD Channel မှ Live ထုတ်လွှင့်မှုကြောင့် ပုံမှန်သတင်းချိန်များဖြစ်သော ညနေ ၄ နာရီ၊ ည ၆ နာရီ နှင့် ည ၈ နာရီတို့တွင် ထုတ်လွှင့်လျက်ရှိသည့် သတင်းများအား MRTV News Channel မှ ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

(၅၀၀)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Aung Myo Htike" Facebook အကောင့်နှင့် "San Yati Lin Latt" Facebook အကောင့်ပိုင်ရှင်များဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဗိုလ်ကုန်းရပ်ကွက်နေ အောင်မျိုးထိုက်နှင့် မေဘရဏီအောင်တို့နှစ်ဦးအား နံနက် ၁ နာရီတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီ ပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၁၈-၂-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၁၆-၃၀၃၃၁ နှင့် ၀၁၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

## တင်ဒါအမှတ်စဉ်[၅(လင)/၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်) တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် မုံရွာခရိုင်နှင့် ဟုမ္မလင်းခရိုင်တို့၌ လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- (က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - (၂၄-၂-၂၀၂၅)(ရုံးချိန်အတွင်း)
- (ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် - (၇-၃-၂၀၂၅)ညနေ(၁၆:၀၀)နာရီထိ
- (ဂ) တင်ဒါအာမခံကြေး(PO Cheque) မူရင်းများအား နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်/အချိန် - (၁၀-၃-၂၀၂၅)ညနေ(၁၆:၀၀)နာရီထိ
- (ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့်နေ့ရက် - ထပ်မံကြေညာပါမည်။
- (င) အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေရာနှင့်နေ့ရက် - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် ၀၉-၈၈၆၈၂၇၇၉၇ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်းမေးမြန်းနိုင်ပါသည်။

(တင်ဒါကော်မတီ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ခရိုင်(၁၄)ခရိုင်အတွင်းရှိမြို့နယ်များအတွက် ထရန်စဖော်မာများ၊ ထရန်စဖော်မာဆက်စပ်ပစ္စည်းများ ၁၁ & ၀.၄ ကေဗွီကောင်းကင်ဓာတ်အားလိုင်းကန်ထရိုက်တိုက်သို့ Service Wire ဆွဲသားခြင်းနှင့် Meter အဝင် Connection ပြုလုပ်ရန်အတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း(၁၀-၂-၂၀၂၅) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၄-၂-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

### မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ ရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

"UNITED AUTOMOTIVE GROUP COMPANY LIMITED" သည်အစုရှယ်ယာများ KYATS (100,000)တန်အစုရှယ်ယာ(7,014)စုစုပေါင်း အစုရှယ်ယာတန်ဖိုး(701,400,000)မှ KYATS (100,000)တန် အစုရှယ်ယာ(50) စုစုပေါင်းအစုရှယ်ယာတန်ဖိုး KYATS(5,000,000)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

Ye Phone Hlaing

Director

UNITED AUTOMOTIVE GROUP COMPANY LIMITED

### ပျောက်ဆုံးကြောင်း

မိုးကောင်းမြို့၊ နမ္မတီးနေ ဒေါ်အင်ဆင်းခေါန်ရာ(ဘ)ဦးအင်ဆင်းတန့်ဝွန်း ၁/ကမန(နိုင်)၀၄၆၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 798040)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၇၄၂၆၇၃၉

### ပျောက်ဆုံးကြောင်း

ခင်မာလေး(ဘ)ဦးမင်းမင်းထွန်း ၁၂/မဂဒ(နိုင်)၁၈၅၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 133762)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဆန်းမင်းထွန်း(ဘ)ဦးကျော်ဇော‌ထွန်း ၁၁/ရသတ(နိုင်)၀၅၄၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၂၃၀၄၂၀

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဝါသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(ကျောက်ဆည်)၌ စိုက်ပျိုးထားသော ပိုက်ဆန်လျှော် မျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ကျောက်ဆည် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ဆည်ရေသောက်စနစ်ဖြင့် နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ကျောက်ဆည်)၌ ဧက ၂၀ စိုက်ပျိုးထားသော ပိုက်ဆန်လျှော်မျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပိုက်ဆန်လျှော် မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးမည်ဆိုပါက အပင်ဖြစ်ထွန်းချိန်တွင် အေးသောရာသီဥတုနှင့်တွေ့ကာ အသီးအပွင့်များဖြစ်ထွန်း၍ အောင်မြင်သည့် အစေ့အဆန်များရရှိစေရန်အတွက် အောက်တိုဘာလတွင် စိုက်ပျိုးခြင်းသည် အကောင်းဆုံးအချိန်ဖြစ်ပြီး တစ်ဧကတွင် အပင်ရေ ၄၁၈၁၆ ပင် ဝင်ဆံ့ရန် မျိုးစေ့နှစ်ပြည်အသုံးပြုရကာ ပင်ကြား၊ တန်းကြားအနေဖြင့် (၂.၅x၁)ပေ စိုက်ပျိုးရကြောင်း၊ အပင်သက်တမ်း ၁၀ ရက်သားအရွယ်တွင် စိုက်ကျင်းတစ်ကျင်း၌ သန်မာသည့်အပင် နှစ်ပင်ချန်၍ သားခွဲရကြောင်း၊ အပင်ငယ်ချိန်တွင် ကြားထွန်ဝင်ခြင်း၊ ပေါင်းရှင်းခြင်းနှင့် အပွင့်ဝင်ချိန်တွင် ပိုးသတ်ဆေးများဖျန်းပေးရပြီး အဖိုပင်များကိုနုတ်ပစ်ရကြောင်း သိရသည်။

ရိတ်သိမ်းခြင်းအနေဖြင့် အပင်သက်တမ်းငါးလတွင် သီးတောင့်များဖောင်းတင်းလာပြီး အသီးကိုင်းအား လှုပ်ယမ်းကြည့်ပါက အသံမြည်လာချိန်တွင် ရိတ်သိမ်းလျှင် အကောင်းဆုံးအချိန်ဖြစ်ကြောင်း၊ ထို့နောက် မျိုးစေ့များကို နွားဖြင့်နင်းခြေကာ ပြာလှေ့ခြင်း၊ ခြွေလှေ့စက်ဖြင့် ခြွေလှေ့ခြင်းတို့ပြုလုပ်၍ ရရှိလာသော မျိုးစေ့များကို တခြားသီးနှံမျိုးစေ့များကဲ့သို့ သိုလှောင်ထားရကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာကြက်တောင်အားကစားသမားများအား စခန်းသွင်းလေ့ကျင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်သည် ယခုနှစ်အတွင်းကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိနိုင်ရေးအတွက် မြန်မာကြက်တောင်အားကစားသမားများအား စခန်းသွင်းလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီလတတိယပတ်မှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်သည် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ကစားသမားရွေးချယ်ရေးအစီအစဉ်ကို ဖေဖော်ဝါရီလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နေ့စဉ်နံနက် ၁၀ နာရီမှ သတ်မှတ်ပွဲစဉ်များပြီးဆုံးသည်အထိ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြက်တောင်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်နိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်ရေးအစီအစဉ်တွင် အုပ်ချုပ်သူ/နည်းပြ ငါးဦး၊ ကစားသမားအမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၅ ဦးဖြင့် စခန်းသွင်းလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်တင်**








# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၉၈၄၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၃) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၇၇၄၈၈၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၂)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၃၂၇၁၄) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၈၉၁၅၉၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ဂျော်နီကျွန်းအနီး၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည်စက်လှေ(၅)စင်းနှင့် ဆက်စပ်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကို မြန်မာ့ပင်လယ်ပြင်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ ကျွန်းစုမြို့နယ်၊ သဲတန်းကြီးကျေးရွာ၌ လိုင်စင်မဲ့ Wave 100 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဖေဖော်ဝါရီလ ၇ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၀၇၁)တန်၊ သစ်မာ(သုည ဒသမ ၁၁၆) တန်၊ အခြားသစ် (သုည ဒသမ ၂၀၂)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၄၂၇၁၂၆)** ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပလိပ်နှင့် မြစ်ငယ်လမ်းကြား၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်လမ်းခွဲအနီး၊ စိန်စီအောင်ဆီဆိုင်အနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၂၁၇၇၂၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီးနှင့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ထုံးဘို - မြစ်ငယ်တိုးဂိတ်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၂၅၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့၊ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၁၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၆၇၃၂၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မှော်ဘီမြို့နယ်၊ မြို့ချောင်းတိုးဂိတ်အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၄)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၂)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၃၁၉၄၀)** ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

- ❖ **စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို . . .**
- ❖ **ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများတိုးတက်ပြောင်းလဲလာမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မန္တလေးနန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါးအနီး ရှေးမူမပျက် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲအခမ်းအနားကျင်းပ၊

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်




နေပြည်တော် ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးနန်းမြို့ရိုးအနောက်ဘက်၊ စည်ရှည်တံခါးအနီး၌ ရှေးမူမပျက် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြိုင်ကြိုင်လှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ **စာမျက်နှာ ၁၆ ကော်လံ ၄** ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြိုင်ကြိုင်လှ စည်ရှည်တံတားအား လှည့်လည်ကြည့်ရှုပြီး တိုင်းရင်းသားမောင်မယ်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

